ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ချမ်းသာခြင်းအကြောင်းတရား

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏။ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်း သည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် စနေနေ့။ Saturday, 28 November 2026 ၂၀၃၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် ဇရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်ခ်မက်) ထိပ်သီးအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဘို) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ် ဥယင်ထိဟွန်ဗန် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဟန္ဒိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ခရီးဦးကြိုဆိုစဉ်။

ယနေ့ ဖတ်စရာ

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့မှ အဖွဲ့ဝင် ၂၈ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲပြောင်းအပ်နှံ

စာမျက်နှာ » ၁၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၈)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

စာမျက်နှာ » ၁၇

အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြီးမှူးရှု၍ FX Market Online Trading Platform တွင် နိုင်ငံတော်၏ အရေးကြီးကုန်စည်များဖြစ်သော စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးဝါးနှင့် အခြားကုန်စည်များအတွက် လိုအပ်သော နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD) လိုင်စင်ရဘဏ်များမှတစ်ဆင့် သွင်းကုန်တင်သွင်းသူ(Importer)များသို့ ရောင်းချပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးဝါးနှင့် အခြားကုန်စည်များ တင်သွင်းရန် အတွက် အမေရိကန်ဒေါ်လာ (၄၉၂.၃)သန်း၊ တရုတ်ယွမ် (၁၀၇.၀)သန်း၊ ထိုင်းဘတ် (၈၄၅.၈)သန်းနှင့် အိန္ဒိယရူပီး (၁၃.၃)သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Market Trading Rate (ကျပ် ၃၆၆၀)ဖြင့် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

MSMEs များ စဉ်ဆက်မပြတ်တိုးတက်မှု နည်းလမ်းများ - အပိုင်း (၆)

ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဆရာကြီး ဦးအောင်သောင်း(အောင်နိုင်-တက္ကသိုလ်)၊ စာရေးဆရာမကြီး ဒေါ်သန်းသန်း(ရွှေသဥ္ဇာ)နှင့် စာရေးဆရာကြီး ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)တို့ရရှိ

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်ကအသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဦးအောင်သောင်း(အောင်နိုင်-တက္ကသိုလ်)၊ စာရေးဆရာမကြီး ဒေါ်သန်းသန်း(ရွှေသဥ္ဇာ)နှင့် စာရေးဆရာကြီး ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)တို့အား ၂၀၂၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

သံဖြူဇရပ်မြို့နယ်၌ ခေတ်မီနည်းပညာသုံး စက်ကိရိယာများဖြင့် နေလှုန်းဆား ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

မော်လမြိုင် နိုဝင်ဘာ ၂၇

မွန်ပြည်နယ်အတွင်း ဆားလုပ်ငန်းကဏ္ဍကို ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသော နေလှုန်းဆားများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာရှိ ပင်ဆားကွင်း၌ ခေတ်မီနည်းပညာသုံး စက်ကိရိယာများဖြင့် နေလှုန်းဆားထုတ်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



ပြည်သူများလူမှုစီးပွားဘဝမျှတရေး နိုင်ငံ့စီးပွားမြင့်မားရေးကြိုးပမ်း

လက်ရှိကာလတွင် အကြောင်းအမျိုးမျိုးဖြင့် ကုန်စည်ဈေးနှုန်းများ မြင့်မားလာသည်ကို တွေ့ရမည်ဖြစ်သည်။ ကုန်စည်ဈေးနှုန်းကြီးမြင့်မှုကြောင့် လူမှုဘဝနယ်ပယ်တွင် အကျပ်အတည်းဖြစ်ပေါ်စေသည်။ ကုန်ဈေးနှုန်းကြီးမြင့်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ ရောင်းဝယ်ဖောက်ကားလုပ်ကိုင်သူများနှင့် ဝင်ငွေမြင့်မားသော ပြည်သူများအနေဖြင့် အခက်အခဲမရှိနိုင်သော်လည်း အခြေခံပြည်သူများ၊ လက်လုပ်လက်စားများ၊ လခစားဝန်ထမ်းများ၊ အငြိမ်းစားများနှင့် ဝင်ငွေနည်းပြည်သူများ အတွက် အခက်အခဲ အကျပ်အတည်းဖြစ်စေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်စည်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် အဘက်ဘက်မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း ကုန်ဈေးနှုန်းမှာ အတက်ဘက်တွင် ရှိနေဆဲဖြစ်သည်။

နိုဝင်ဘာ ၂၅ ရက်နေ့က ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်က "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ဘဏ္ဍာငွေများရရှိစေရေး အခွန်ငွေများကောက်ခံရာတွင် အခွန်နှုန်းထား (Tax Rate) တိုးမြှင့်ခြင်းထက် အခွန်ကောက်မှုနယ်ပယ်(Tax Space)များ ကျယ်ပြန့်လာစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခွန်ကောက်ခံမှုနယ်ပယ် ကျယ်ပြန့်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ တိုးတက်လာမည်ဖြစ်သကဲ့သို့ ဝန်ထမ်းလစာနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အတွက်လည်း အထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် နိုင်ငံသူ နိုင်ငံသားများထံမှ အခွန်ဘဏ္ဍာငွေကို ကျယ်ကျယ်ပြန့်ပြန့်ကောက်ခံနိုင်သဖြင့် နိုင်ငံဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးကို အပြည့်အဝဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် အခွန်ထမ်းဆောင်ခြင်းတာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်သဖြင့် ပြည်သူများ၏ လူမှုဘဝမြင့်မားရေးကို နိုင်ငံတော်အစိုးရက ကျယ်ကျယ်ပြန့်ပြန့် မျှမျှတတ ဆောင်ရွက်ပေးနိုင်သည်။ ပြည်သူများကြားတွင် အခွန်ရှောင်သည့် အလေ့အထများ၊ တရားမဝင်လုပ်ငန်းများကြောင့် အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးလျက်ရှိသည်။

စီးပွားရေးဆိုင်ရာနယ်ပယ်များ၌ လက်ရှိအချိန်တွင် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားများအနေဖြင့် နှုန်းထားတစ်ခုတွင် ရောက်ရှိနေသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခြင်းမပြုဘဲ နိုင်ငံခြားငွေကိုင်ထားသူများရှိကြပြီး တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ၎င်းတို့၏ ငွေကြေးဈေးကစားမှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့် ငွေကြေးလဲလှယ်နှုန်းမြင့်တက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ ငွေကြေးတန်ဖိုးများနှင့်ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည့်နှုန်းထားများဖြစ်ရန်လိုသည်။ ဝင်ငွေနည်းသူများအနေဖြင့် စားရေးအဆင်ပြေစေရေး၊ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်သူများအနေဖြင့် လုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်နိုင်စေရေး၊ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သူများ ဝင်ငွေတိုးပွားစေရေး၊ နိုင်ငံ့ဝန်ထမ်းများ စားဝတ်နေရေးအဆင်ပြေစေရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်သည်။

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ထက်ဝက်ခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် သားငါးကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အမှန်တကယ် အလုပ်လုပ်ကြစေရေးအတွက်လည်း ဒေသဆိုင်ရာအစိုးရများက ဆက်လက်ကြပ်မတ် ဆောင်ရွက်သွားရန်လိုသည်။ ထုတ်ကုန်များရှိမှသာ ရောင်းကုန်များရှိမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံခြားဝင်ငွေများရရှိကာ နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

ပြည်ပသို့ ထုတ်ကုန်များတင်ပို့ရောင်းချရာတွင် မြေပေါ်မြေအောက် သယံဇာတ ပစ္စည်းများကို တင်ပို့ခြင်းထက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ ထုတ်ကုန်များတင်ပို့ခြင်းမှ နိုင်ငံအတွက် ရေရှည်တွင်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေးအတွက် နိုင်ငံတော်က MSME လုပ်ငန်းများကို စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင် အခွန်နှုန်းထားတိုးမြှင့်ကောက်ခံခြင်းထက် အခွန်ရှောင်မှုများကိုဖော်ထုတ်ရေး၊ အခွန်ကောက်ခံမှုနယ်ပယ်ကို ကျယ်ပြန့်စွာဖြစ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ပေးနိုင်ရေးအတွက် ချိန်ဆဆောင်ရွက်လျက်ရှိပြီး ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်ပေးမည်ဆိုပါက MSME လုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံများ၊ ကုန်ထုတ်လုပ်ငန်းများရှိ လုပ်သားများနှင့် အငြိမ်းစားလစာခံစားနေသူများအပါအဝင် ဘက်ပေါင်းစုံမှ တွက်ချက်ဆောင်ရွက်၍ နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံ့ဝင်ငွေတိုးတက်ရရှိရေးကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကြေညာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကို (၂၇-၁၁-၂၀၂၆) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

အစိုးရနည်းပညာကောလိပ်များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကြေညာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ အစိုးရနည်းပညာကောလိပ်များသို့ ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၂၇-၁၁-၂၀၂၆ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

(၂၇-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၁	၅၅၇ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၉,၄၉၇,၀၂၉.၉၆	၁၀,၆၈၂,၁၂၈.၃၀	၆,၃၈၇,၇၃၃.၁၈	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၇ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၀,၅၀၀	၂၀,၅၀၀	၇၅၄	၁၅,၆၇၈,၀၀၀
MTSH	၈,၇၀၀	၈,၈၀၀	၂,၅၀၈	၂၁,၈၁၉,၈၀၀
MCB	၁၃,၀၀၀	၁၃,၅၀၀	၅၄	၇၂၇,၀၀၀
FPB	၇,၀၀၀	၇,၁၀၀	၆၃၅	၄,၄၉၉,၅၀၀
TMH	၃,၂၅၀	၃,၃၀၀	၂၂	၇၂,၅၀၀
EFR	၁,၆၅၀	၁,၆၅၀	၅,၀၄၂	၈,၀၆၉,၂၅၀
AMATA	၄,၁၀၀	၄,၁၀၀	၃၇	၁၅၁,၇၀၀
MAEX	၆,၇၀၀	၆,၅၀၀	၃၈၀	၂,၄၇၁,၀၀၀
MADPL(PLB)	၆,၄၀၀	၆,၄၀၀	၁	၆,၄၀၀
ASPGB(PLB)	၅,၆၀၀	၅,၇၀၀	၅၀၃	၂,၈၅၂,၁၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း - ခင်မို့မို့အောင်၊
သတင်းထောက်များ - ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊
အငယ်တန်း - အောင်ကျော်ဦး၊ သန်းတင်အောင်
သတင်းထောက်များ - ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✪ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ဟန္ဂိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ် ငုယင်ထိဟွန်ဗန် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မင်းနှင့် ဇနီး၊ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးမိသားစုများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် အစဉ်အလာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ခရီးဦးကြိုဆိုခဲ့ကြသည်။

အဆိုပါ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်ခ်မက်)ထိပ်သီးအစည်းအဝေးကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်းနှင့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ် ငုယင်ထိဟွန်ဗန် က ဟန္ဂိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

❍ ၂၀၂၅ ခုနှစ်မှ

ထိုနည်းတူ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၅ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန် ကြေညာသည်။

ဝတ္ထုတိုဆုတွင် **မျှဝေ(ဥက္ကံ)**ရေးသားသည့် **တောင်ခြေကျေးလက်ဆောင်းမနက် မယ်လိုဒီနှင့် အခြားဝတ္ထုတိုများ**စာအုပ်(သီရိမြန်မာစာပေ)၊ ကဗျာ(ဂန္ဆဝင်)ဆုတွင် **မောင်လွန်းမြိုင်(ပင်လယ်ဘူး)** ရေးသားသည့် **လရိပ်တစ်ခြမ်းပန်းနှင့် လိပ်ပြာကဗျာများ**စာအုပ်(မေတ္တာရိပ်နန်းစာပေ)၊ ကဗျာ(ခေတ်ပေါ်)ဆုတွင် **ဒေါ်ဟေ(အညာမြေ)**ရေးသားသည့် **မာနကင်းမဲ့ဇုန်**စာအုပ်(မြဝတ်ချိုစာပေ)၊ စာပဒေသာဆုတွင် **အန်ကယ်ပညာ** ရေးသားသည့် **မေမေ့ဆံပင်နှင့် ဘဝလက်တစ်ကမ်းမှ စာတမ်းငယ်များ**စာအုပ်(စာပေဗိမာန်)၊ ကလေးစာပေဆုတွင် **လက်ပံနီ** ရေးသားသည့် **မောင်မောင့်လွယ်အိတ်ကလေး ကလေးကဗျာများ**စာအုပ်(မေတ္တာရိပ်နန်းစာပေ)၊ လူငယ်စာပေဆုတွင် **မျိုးမင်းထိုက်** ရေးသားသည့် **ကျွန်တော်နှင့် ကျွန်တော့်ညီ ဖိုးချစ် အပိုင်း(၄)**စာအုပ်(အလင်းအိမ်မီဒီယာဂရုစာပေ)၊ ဘာသာပြန်(သုတ)စာပေတွင် **ရွှေအိုလတ်** ရေးသားသည့် **အဖေ့ဆီကအိပ်မက်များ**(Myanmar Heritage Publications စာပေ)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် **ဒေါက်တာချိုချိုတင့်(မြန်မာစာ)** ရေးသားသည့် **မြန်မာပြောစကား စကားပန်းအိမ်**စာအုပ်(နိုင်ငံ့ဂုဏ်ရည်စာပေ)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ) ဆုတွင် **ဒေါက်တာမြင့်လွင်(စိတ်ပညာ)** ရေးသားသည့် **စိတ်ပညာနိဒါန်း(အပြုအမူနှင့် စိတ်ဖြစ်စဉ်များကို သိပ္ပံနည်းကျလေ့လာခြင်း အတွဲ ၁+၂)**စာအုပ် (ဆုရောင်စဉ်စာပေ)၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် **ဒေါက်တာခင်မိုးမိုး** ရေးသားသည့် **အိမ်တွင်းသမားတော်**စာအုပ်(စွယ်စုံစာပေ)၊ ပြဇာတ်စာပေဆုတွင် **နေစိုးသော်** ရေးသားသည့် **မေတ္တာခြုံလုံစေသား**စာအုပ်(ကောင်းဆုသာစာပေ)၊ နိုင်ငံရေးစာပေဆုတွင် **ဒေါက်တာခင်မောင်လွင်** ရေးသားသည့် **မြန်မာ ၂၀၄၈** စာအုပ်(SMART စာပေ)၊ အင်္ဂလိပ်(သုတ)ဆုတွင် **Researcher Maung Han** ရေးသားသည့် **Significant Cultural Information about Pyu Ancient Cities** စာအုပ်(စာပေဗိမာန်)၊ အင်္ဂလိပ်(ရသ)ဆုတွင် **Dr. Myint Zan** ရေးသားသည့် **Glimpses of Myanmar and Myanmar-related Personages III** စာအုပ် (Myanmar Heritage Publications)၊ ရသစာတမ်းဆုတွင် **အရှင်သုမင်္ဂလ(စစ်ကိုင်း)**ရေးသားသည့် **ကျုံးတစ်ပတ်မြနန္တာ(မန္တလေးအခြေစိုက် ရသစာစုများ)**စာအုပ် (တီတူးခါးခါးစာပေ)တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပါသည်။ အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် သိန်း ၅၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၀ ဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက်ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာဌာန တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉၊ ၀၆၇-၃၄၁၂၂၀၃ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့် တကွ(ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို **တက္ကသိုလ်မြမဉ္ဇူ၏ နေအဆင်းလအလင်း ချစ်ခြင်းဖြာဝေ ရနံ့သင်းပါစေ၊** ဒုတိယဆုကို **ရဲမင်းစိုး၏ တောင်ခမ်းမြေမှာ ပွင့်ဝေလာသောပန်း** စာမူများက လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို **ခင်လေးစိန်(ဘိုကလေး)၏ အရှေ့ဆီ ရောင်နီထွန်းပါလိမ့်နှင့် အခြားဝတ္ထုတိုများ၊** ဒုတိယဆုကို **စုမွန်(UFL)၏ အဖေ(သို့မဟုတ်)တုနှိုင်းမဲ့မေတ္တာစမ်းရေနှင့် အခြားဝတ္ထုတိုများ၊** တတိယဆုကို **မောင်နေခြည်(ပြည်)၏ ညမှောင်မိုက်မှာ လမင်းသာသော်နှင့် အခြားဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို **နေခြည်မောင်(မြောင်းမြ)၏ မပြယ်သော ရနံ့ မတန့်သောအလင်းကဗျာများ၊** ဒုတိယဆုကို **မိုးပွင့်သစ် (မန်းတောင်ရိပ်)၏ ရင်ဝှက်အလွမ်း ပန်းအိပ်မက်ကဗျာများ၊** တတိယဆုကို **မောင်ယုလွင်(သပြေ)၏ အမွေးဆုံးနံ့သာ ကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ(ဝိဇ္ဇာ) ဆုတွင် ပထမဆုကို **မောင်ငြိမ်းချမ်း(မြန်အောင်)၏ သွေးလှူ၊ သွေးကူ၊ သွေးယူ၊** ဒုတိယဆုကို **မောင်သာ(ရှေးဟောင်းသုတေသန)၏ ကျောက်စာများပေါ်က ပုဂံပုံရိပ်များ၊** တတိယဆုကို **ယဉ်ယဉ်မွန်(ရှေးဟောင်းသုတေသန)၏ ပင်းယခေတ်ကို ရှာဖွေလေ့လာခြင်း**စာမူများက လည်းကောင်း၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုတွင် ဒုတိယဆုကို **လှဆန်း(စိုက်ပညာရှင်)၏ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးရေး စားဖိုဆောင်သီးနှံမျိုးစုံစိုက်ပျိုးရေး၊** သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် ပထမဆုကို **ပန်းတနော် ခင်မောင်မြင့်၏ ကမ္ဘာ့ မြေရှားသတ္တု လောကနှင့် မြန်မာ့ မြေရှားသတ္တု၊** ဒုတိယဆုကို **ကိုချစ်(ဓာတု)၏ ပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ စွန့်ပစ်ရေကို သန့်စင်စို့၊** တတိယဆုကို **ဒေါက်တာ နုမြတ်သိဂီဦး၏ မေမေ့သက်တံလေးနှင့်ရင်သွေးရရေး ဆေးပညာပေးဆောင်းပါးများ** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို **ကိုတူး(သာယာမြိုင်)၏ လေးရပ်ဝတီ ခရီးသည်၊** ဒုတိယဆုကို **ကိုတိုး(ရန်ကင်း)၏ အမှတ်တရ တသသရင်မှာ ထာဝရ မြန်မာတေးအလှ၊** တတိယဆုကို **ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၏ နွမ်းလျသော်လည်း ပန်းအလှလေးပွင့်ခဲ့သည်** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ဒုတိယဆုကို **ကျော်မျိုးနိုင်၏ ကျွန်တော်ထိစပ် ပတ်သက်ကျင်လည်ခဲ့ရသော မြန်မာ့ဆိုင်းလောက၊** တတိယဆုကို **ဆလိုင်းတူးတူးမောင်၏ အရှိချင်းရိုးရာဓလေ့ထုံးစံများ** စာမူများက လည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို **မြတ်မင်းသန့်၏ သားတို့ချစ်သည် မြန်မာပြည်နှင့် အခြားကဗျာများ၊** ဒုတိယဆုကို **မင်းလပြည့်(ဟားခါး)၏ ဝါးယပ်တောင်လေးနှင့် အခြားဝတ္ထုတိုများ၊** တတိယဆုကို **ကျော့ဝင်း (မိုးညှင်း)၏ ပြည်ထောင်စု၏ ရင်သွေးငယ်နှင့် အခြားကလေးကဗျာများ** စာမူများက လည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို **မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ လူငယ့် ဂုဏ်ရည် စာပန်းချီ၊** ဒုတိယဆုကို **အမောင်၏ သားအတွက် ပျားတစ်စက် ခွန်အားဖြည့်စာ၊** တတိယဆုကို **ခင်ဇော်(သီတာကုန်းပြင်)၏ ဒူးထောက်လို့ အညှံ့မခံ နင်လားဟဲ့ လောကခံ** စာမူများကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို **နေစိုးသော်၏ ပန်းပျိုးသူ၊** တတိယဆုကို **သိန်းဇော်(ရွှေလီဦး)၏ တို့ဘိုးဘွားအမွေ မြေဆီမြေအနှစ်က ရတနာရွှေတကယ်ဖြစ်ပြီ** စာမူများက လည်းကောင်း၊ ဘာသာပြန်(သုတ)ဆုတွင် ပထမဆုကို **ဆွေဇင်ညွန့် (မဟာဒဿန)၏ ဘုရားသခင်အလား လူသား (အနာဂတ်၏ သမိုင်းအကျဉ်းချုပ်)**စာမူကလည်းကောင်း၊ အင်္ဂလိပ်စာပေဆုတွင် ပထမဆုကို **Khin Maung Myint ၏ A Selection of My Articles** စာမူက လည်းကောင်း၊ ရသစာတမ်းဆုတွင် ပထမဆုကို **နိုင်ဆွေ(ခရမ်း)၏ ကျွန်တော်တို့ မြို့ကလေး ဖေဖေနှင့် နှစ် ၅၀ အပါအဝင် ရသစာတမ်းများ၊** ဒုတိယဆုကို **မမမီ(ရန်ကုန်တက္ကသိုလ်)၏ ညများ၏ ရာဇဝင်နှင့် အခြားအက်ဆေးများ၊** တတိယဆုကို **ပန်းသွန်းသွန်းခက်၏ နံနက်ခင်း အတွေးတစ်စနှင့် အခြားရသစာတမ်းများ** စာမူများက လည်းကောင်း ရရှိကြပါသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု သိန်း ၂၀၊ ဒုတိယဆု ၁၅ သိန်းနှင့် တတိယဆု ၁၀ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုကို စာပေပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၅ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူအစောင် ၂၆၀ ကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာဌာန တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈) လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ(ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် နေ့ရက်၊ အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၆) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒကို့ဏာသီရိမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ ညီလာခံအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား) နှင့် အဖွဲ့ဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၆) တွင် အမှာစကားပြောကြားစဉ်။

ဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ တန်းတူပြိုင်ဝှေ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် တာဝန်သိသိဖြင့် ပါဝင်ဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာဖြင့် အချင်းချင်းအပြန်အလှန် အကူအညီပေးရန်နှင့် နိုင်ငံတော်အကျိုးပြု လုပ်ငန်းများတွင် စုစည်းညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်ရန်" ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စစ်မှုထမ်းဟောင်းအဖွဲ့များ၊ မြို့နယ်အဆင့် စစ်မှုထမ်းဟောင်း အဖွဲ့များနှင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

လွတ်လပ်ရေး ရပြီးချိန်မှစ၍ စစ်ပြန်စစ်မှုထမ်းအချို့သည် မိမိတို့၏ မြို့ပြရပ်ရွာ ဒေသအသီးသီးတွင် စစ်မှုထမ်းဟောင်းအစုအဖွဲ့ လေးများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုစည်းခဲ့ကြရာမှ ၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေကို ပြဋ္ဌာန်းပြီး ခေတ်ကာလ အခြေအနေများနှင့် လိုက်လျောညီထွေရှိစေမည့်ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်တာဝန်ဝတ္တရားများကို ချမှတ်ခဲ့ကြောင်း၊ အဆိုပါ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ရန် ရှိသင့်ရှိထိုက်သည့်ဖွဲ့စည်းပုံများကို ယနေ့ထက်တိုင် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေ စည်းမျဉ်းများနှင့် စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့ချိန်မှစ၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံနှင့် အထူးညီလာခံများကို ၁၀ ကြိမ်တိုင်တိုင် ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ညီလာခံမှတစ်ဆင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသူများသည် ယခုအခါ ငါးနှစ်သက်တမ်းကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပြီးဖြစ်၍ အသစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားကြရသည့်ဗဟိုကောင်စီ၊ ဗဟို အမှုဆောင်အဖွဲ့များ၊ အမှုဆောင် အဖွဲ့အဆင့်ဆင့်တို့နှင့်အတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ တာဝန်ဝတ္တရားများကို ဆက်လက်ထမ်းဆောင်သွားကြတော့မည်ဖြစ်ကြောင်း၊ ရွေးချယ်တင်မြှောက်ခြင်းခံရသူ အားလုံးအတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါကြောင်းကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တစ်ဦးအနေဖြင့် ပြောကြားလိုကြောင်း။

တပ်မတော်သားများ သည် ဘီအိုင်အေခေတ်မှစ၍ မျိုးချစ်စိတ်၊ တိုင်းပြည်လွတ်လပ်ရေး ပြန်ရရန်ဆိုသည့် ကိုယ်ကျိုးမဖက်သည့် စိတ်ဓာတ်များဖြင့် တပ်မတော်သို့ ဝင်ရောက်ခဲ့ကြသူများပင်ဖြစ်ကြောင်း၊ တပ်မတော်အင်အားကို ပြင်ဆင်ဖွဲ့စည်းရချိန်များတွင်လည်း အမိန့်နာခံပြီး စစ်သားကောင်းများဝိပီ ပြုမူကျင့်ကြံခဲ့ကြကြောင်း၊ တိုင်းပြည်ကလိုအပ်လာ၍ ပြန်လည်စစ်မှုထမ်းရန် ဆင့်ခေါ်လာချိန်များတွင်လည်းမည်သည့်အဆင့်၊ မည်သည့် ရာထူးမျိုးနှင့်မဆို ပြန်လည် ထမ်းဆောင်ရန် တပ်မတော်ထံသို့ နောက်တစ်ကြိမ် ပြန်လည် ဝင်ရောက်လာကြသည့် မှတ်တမ်း ကောင်းများကိုလည်း တွေ့ရှိရကြောင်း၊ ၎င်းသည် "တစ်ခါ စစ်သားဖြစ်ဖူးရင် ထာဝရစစ်သား ပင်" ဆိုသည့်စိတ်ဓာတ်ကို ပြသခြင်းဖြစ်ကြောင်း။

ယနေ့ခေတ် ကာလများတွင်လည်း တပ်မတော်သားစစ်မှုထမ်းဟောင်းများအနေဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ကြီးက ချမှတ်ထားသည့် ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို မိမိတို့ကျရာ တာဝန်များအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားနိုင်ငံရေးလုပ်ငန်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများနှင့် သက်သာချောင်ချိရေးလုပ်ငန်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်း စသည့်ကဏ္ဍများအပေါ်တွင် အမှုဆောင်အဆင့်ဆင့်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ရသည့်အတွက် ရရှိပြီးသား အရှိန်နှင့်ကောင်းများ ဆက်လက် ရှင်သန်နေအောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များသည် တပ်မတော်၏ အရန်အင်အားများဖြစ်သည်နှင့် အညီ ပြည်သူ့ စစ်မဟာဗျူဟာကို အကောင်အထည်ဖော်သည့် အခါတွင် ပြည်သူလူထုနှင့် နီးနီးကပ်ပ ထိတွေ့ ဆက်ဆံနေကြသူများ ဖြစ်ခြင်းကြောင့် ပြည်သူနှင့် တပ်မတော်ကြားတွင် ခိုင်မာသည့် ပေါင်းကူးတစ်ခုအဖြစ် တည် ဆောက်နိုင်စွမ်းရှိအောင် ကြိုးစား သွားကြရန်မှာကြားလိုကြောင်း။

ရဲဘော်စိတ်ဆိုသည်မှာ "သေတူ ရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ညီညာ ကုန်း၍ ရှုန်းကြလေ" ဆိုသည့် လင်္ကာနှင့်အညီ တာဝန်ထမ်းဆောင် နေဆဲ တပ်မတော်သားများ၊ ကျန်းမာရေးနှင့် အသက်အရွယ် အရ အငြိမ်းစားယူသွားကြရသည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ အတွက်ပါ ထာဝရရှင်သန်နေသည့် အဆုံးအမတစ်ခုပင် ဖြစ်ကြောင်း၊ မည်သည့်အချိန်အခါ၊ မည်သည့် နေရာကိုပင်ရောက်ရောက် ရဲဘော် စိတ်ဆိုသည့် သံယောဇဉ်တရား၊ မေတ္တာတရား၊ သစ္စာစောင့်သိမှု တရားများက ရည်မှန်းချက်တာဝန် များကို အောင်မြင်ပြီးမြောက်စေခြင်း၏ အခြေခံအကြောင်းတရား များပင်ဖြစ်ကြောင်း၊ မိမိတို့၏ ကာယ၊ ဉာဏ အစဉ်ကြွံခိုင်တောင့်တင်းမှုများသည် တိုင်းပြည် အတွက် အင်အားများပင်ဖြစ်သည် ကို နားလည်သိရှိထားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့အနေဖြင့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင် အဖြစ် ထဲထဲဝင်ဝင်ပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိကြောင်းနှင့် လုပ်ငန်း ဆောင်တာများသည် စစ်မှုထမ်းဟောင်းရေးရာ များ အပြင် အာဆီယံအဖွဲ့ကြီး၏ လုံခြုံရေး၊ သဘာဝဘေးကယ်ဆယ်ရေး၊ လူမှုရေး၊ စီးပွားရေး အသိုက်အဝန်း များတွင် ဆက်စပ်ဆောင်ရွက်နေ သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့ကြီး အနေဖြင့် အာဆီယံနိုင်ငံများ စစ်မှုထမ်း ဟောင်းအဖွဲ့ကြီးမှတစ်ဆင့် ဒေသ တွင်း နိုင်ငံတကာအသိုင်းအဝိုင်း များကြား မိမိနိုင်ငံ၏ဂုဏ်ဒြပ်ကို ဖော်ထုတ်ပြသခြင်းဖြင့် နိုင်ငံတော် အစိုးရ၏ ပြည်ပနိုင်ငံတကာ ဆက်ဆံရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ဆောင် ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခါ တပ်မတော်က အငြိမ်းစားယူသည့် အရာရှိ/စစ်သည်များအတွက် စစ်မှုထမ်း ဟောင်းအိမ်ရာများ ဆောက်လုပ် ပေးရာတွင် အဆင်သင့်နေထိုင်နိုင် ရေးအတွက် ပရိဘောဂများကိုပါ ထည့်သွင်းဖြည့်တင်းပေးလျက်ရှိ ကြောင်း၊ ထို့အပြင် အမှန်တကယ် နစ်နာမှုများနှင့်ကြုံရပြီး အမှီအခို လိုအပ်လျက်ရှိနေသည့် စစ်မှုထမ်း ဟောင်းများနှင့် မိသားစုဝင်များကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ နှစ်စဉ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင် ခဲ့ကြသူများကို တပ်မတော်အစီ အစဉ်ဖြင့် ဂုဏ်ပြုချီးမြှင့်မှုများ ပေးအပ်ရာတွင်လည်း စစ်မှုထမ်း ဟောင်း မိသားစုဝင်များ၏ သားသမီးများကိုပါ နှစ်စဉ်ဂုဏ်ပြု ဆုများ ပေးအပ်လျက်ရှိကြောင်း၊ တပ်မတော်အကြီးအကဲ အစဉ် အဆက်အနေဖြင့် စစ်မှုထမ်း ဟောင်း တပ်ဖွဲ့ဝင်များအပေါ်တွင် အစဉ်အသိအမှတ်ပြု လေးစား တန်ဖိုးထားလျက်ရှိပြီး အကြီး အကဲများကိုယ်တိုင် "တစ်ခါ စစ်သား ထာဝရစစ်သား" ဆိုသည့် စကားတစ်ခွန်းကို နှလုံးသွင်းထား ကြသည့်အတွက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအနေဖြင့် တပ်မတော် သားတစ်ဦး၏သစ္စာကို ထာဝရ စောင့်သိလိုက်နာ ထိန်းသိမ်းသွား ကြရန်လိုကြောင်း။

တပ်မတော်သားဟောင်းများသည် တပ်မတော်၏ အစဉ်အလာ ကောင်းများကို ထာဝစဉ်ထိန်းသိမ်း သက့ဲသို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့် ဂုဏ်သိက္ခာများကိုလည်း ဆက်လက် စောင့်ထိန်းသွားကြရန်၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံ ရေးလုပ်ငန်းများတွင် တပ်မတော် ၏ အရန်အင်အားအဖြစ် ခိုင်ခိုင် မာမာ ရပ်တည်သွားကြရန်၊ ချမှတ် ထားသည့် ရှေ့လုပ်ငန်းစဉ် ၇ ရပ် နှင့် လုပ်ငန်းကဏ္ဍကြီး ၅ ရပ်ကို ဆင့်ကဲဆင့်ကဲ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် အောင်မြင် အောင် အကောင်အထည်ဖော် ဆောင်ရွက်ရင်း ပြည်သူနှင့် တပ်မတော်အကြား ခိုင်မာသည့် ပေါင်းကူးအဖြစ် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းစဉ်များ တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော် နှင့်အတူ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ပိုင်းဝန်းကြိုးစားသွားကြ ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှု ထမ်းဟောင်းအဖွဲ့ ဗဟိုအမှု ဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား) က မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ၊ အသက် ၇၅ နှစ်နှင့် အထက် အသက်အပိုင်းအခြား အလိုက် စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များနှင့် ၂၀၂၆-၂၀၂၇ ပညာသင် နှစ်အတွက် အဆင့်မြင့်တက္ကသိုလ် ပညာသင်ဆု ရရှိသူများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့် သည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှု ထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်သည် အခမ်းအနား တက်ရောက်လာကြသည့် စစ်မှု ထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် သည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှု ထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သည် အခမ်းအနားတက်ရောက် လာကြသည့် မြန်မာနိုင်ငံ စစ်မှု ထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ နှင့်အတူ မှတ်တမ်းတင် စုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒဂုံတက္ကသိုလ် အဆောက်အအုံတည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေး ဦးစားပေးဆောင်ရွက်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

တည်ဆောက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်ပြီး ရေရှည်ခိုင်ခံမှုရှိစေရန် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ အတိုင်း တိကျစွာဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများတွင် အသစ်ဆောက်လုပ်ခြင်းထက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ်၌ ကျင်းပသည့် ဒဂုံတက္ကသိုလ်၏ ဦးစားပေး(၁) အဆောက်အအုံများ အသစ်တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားသည်။



ပြောကြား

ထိုပြင် ထူးချွန်သည့် အားကစားသမား ကျောင်းသား ကျောင်းသူများ မွေးထုတ်နိုင်ရန် ရည်ရွယ်၍ ကျောင်းသား ကျောင်းသူများ၏ အားကစားစွမ်းရည်များ တိုးတက်စေရန် အားကစားကွင်းဟောင်းကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး အားကစားကွင်းသစ် ထပ်မံတည်ဆောက်သွားမည်ဖြစ်သည့်အတွက် စံချိန်စံညွှန်းမီသည့် အားကစားကွင်းများဖြစ်ရန် လိုအပ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများနှင့် ဒဂုံတက္ကသိုလ် ဘူတာရုံအနီး YBS ဘတ်စ်ကားဂိတ် ဆိုက်ရောက်/ထွက်ခွာ မှတ်တိုင်များ၊ လူသွားစင်္ကြံနှင့် ပလက်ဖောင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတနှင့် ကာယ၊ ဉာဏ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ကျင်းပ



မြစ်ကြီးနား နိုဝင်ဘာ ၂၇

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ အခြေခံပညာ အထက်တန်းကျောင်း (နန့်ပေါင်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပွဲတော်ကို ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီးပွဲတော်တွင် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝစေရေး အတွက် လှုပသာယာပြည်မြန်မာဓာတ်ပုံများနှင့် ပွဲတော်ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ ကချင်ပြည်နယ်၏ အထင်ကရ ထင်ရှားလှုပသော ရှုခင်းဓာတ်ပုံ ပြခန်းနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသ ထားပြီး ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရုပ်ဆက်၊ စကားပုံဆက်၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ သတ်ပုံအမှန်ပြိုင်ပွဲ၊ အရုပ်ခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အထက်တန်းနှင့် အလယ်တန်းအဆင့် သန့်ရှင်းဘာသာရပ်ဆိုင်ရာ ဉာဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲများ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပွဲတော်ကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နှန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သန်းနိုင်ညွှန့်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်တို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုနှင့် ရွှေလျားစာကြည့်တိုက်တွင် မူလတန်းကလေးငယ်များ စာအုပ်စာစောင် ဖတ်ရှုလေ့လာနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများကို ကျောင်းသုံး ဗဟာစာအုပ်များ ပေးအပ်သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းပြီး ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်စကားပိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပေးကြသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



စဉ့်ကူးမြို့နယ်၌ လူငယ်များ ဗလငါးတန်ဖြင့် ပြည့်စုံစေရန် လူငယ်စကားပိုင်းကျင်းပ

စဉ့်ကူး နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားပိုင်းကို ယနေ့မွန်းလွဲပိုင်းက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်တင်တင်နုက ဆောင်ရွက်ခဲ့ပြီး ကျောင်းသားကျောင်းသူများက လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်ယဉ်ကျေးမှု စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် လူငယ်စကားပိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

(၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြိုဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (ဗဟန်း) ခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီက (၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က အမှာစကားပြောကြားပြီး စာရေးဆရာမ ညွှန့်ညွှန့်(ကလော)က အမျိုးသားနေ့ စတင်ဖြစ်ပေါ်လာပုံ အကြောင်း၊ အမျိုးသားစာပေ အမျိုးသားကျောင်းများ စတင်ပေါ်ပေါက်လာပုံအကြောင်း၊ ရန်ကုန် ကောလိပ်ကျောင်းသားကြီး ၁၁ဦး အကြောင်းတို့ကို ကျောင်းသား ကျောင်းသူများသိရှိစေရန် အကြိုဟောပြောပေးပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက အမျိုးသားအောင်ပွဲနေ့ အကြိုကျပန်း စကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပ၍ တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသ ထားသော ဗဟုသုတရစေသည့် သုတ/ရသ စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ နိုဝင်ဘာ ၂၇ ရက်တွင် မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွှန့်၊ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။ ရှင်းခန့်အောင်



MSMEs များ စဉ်ဆက်မပြတ်တိုးတက်မှုနည်းလမ်းများ - အပိုင်း (၆)

ဒေါက်တာမောင်အောင်

MSMEs ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်ရမည့် အဓိကလယ်ယာပို့ကုန်များ

မြန်မာ့စီးပွားရေး၏ အဓိကမောင်းနှင်အား ဖြစ်သည့် MSMEs များ စဉ်ဆက်မပြတ်တိုးတက်မှု ဖော်ဆောင်နိုင်ရေးအတွက် အပိုင်း(၁)တွင် နိုင်ငံတကာရောင်းချနိုင်သည့် ပို့ကုန်ဦးတည်သော MSMEs များ ပိုမိုပေါ်ပေါက်လာရေး၊ အပိုင်း(၂)တွင် အဆိုပါ MSMEs များ၏ တိုးတက်မှုအခြေခံ နည်းလမ်း(၇)မျိုး၊ အပိုင်း(၃)တွင် MSMEs များ အပါအဝင် စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန် တန်ဖိုး သိသာစွာတိုးတက်နိုင်ရန် လယ်ယာအခြေပြု စက်မှုလုပ်ငန်းများထူထောင်ရေး၊ အပိုင်း(၄)တွင် MSMEs များ၏ ထုတ်ကုန်တန်ဖိုးမြင့်တက်မှု အများဆုံးဖြစ်သည့် ပြည်ပစျေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် စွမ်းဆောင်ရည်ပြည့်ဝသည့် ပို့ကုန်လုပ်ငန်းရှင်များ ဖြစ်လာစေရေးအတွက် သင်ယူလေ့လာလုပ်ဆောင်ရမည့် အချက်များကို ဖော်ပြခဲ့ပြီး အပိုင်း(၅)တွင် MSMEs ပို့ကုန်လုပ်ငန်းရှင်များ ဧရာင်းပေးလုပ်ဆောင်ရမည့် အဓိကလယ်ယာပို့ကုန်များဖြစ်သည့် ဆန်နှင့် ပဲမျိုးစုံတို့အား ပိုမိုတိုးချဲ့နိုင်သည့်နည်းလမ်းများကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုအပိုင်း (၆)တွင် MSMEs များလုပ်ဆောင်ရမည့် အခြားအရေးပါသည့် လယ်ယာပို့ကုန်များကို ဆက်လက်ဖော်ပြမည် ဖြစ်သည်။

MSMEs များအတွက် အခြားအရေးပါသည့် လယ်ယာပို့ကုန်များ အရေးပါလာသည့် ပြောင်းပို့ကုန်

မြန်မာ့လယ်ယာပို့ကုန်များအတွက် တင်ပို့သည့် တန်ချိန်အရေအတွက်အားဖြင့် တတိယ အများဆုံးဖြစ်သည့် ပြောင်းပို့ကုန်မှာလည်း ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း သိသိသာသာ တိုးတက်လာသည့် လယ်ယာကုန်စည်ဖြစ်သည်။ ယခင်ကာလများတွင်မူ ပြောင်းပို့ကုန်မှာ တန်ချိန်အားဖြင့် သောင်းဂဏန်းဝန်းကျင်သာ တင်ပို့နိုင်ခဲ့သည်။ သို့ရာတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ပြောင်းစိုက်ပျိုးမှု၌ မိရိုးဖလာစိုက်ပျိုးနေကျမျိုးများအသုံးပြုမှုမှ CP အထွက်တိုးမျိုးကို ပြောင်းလဲစိုက်ပျိုးလာမှုကြောင့် အထွက်နှုန်းမြင့်မားသည့် အတွက် နိုင်ငံခြားစျေးကွက်တွင် မြန်မာ့ပြောင်းများ၏ စျေးနှုန်းယှဉ်ပြိုင်နိုင်မှုစွမ်းအား တိုးမြင့်လာမှုနှင့်အတူ ပြောင်းပို့ကုန် လျင်မြန်စွာတိုးတက်ခဲ့သည်။

လတ်တလောကာလများတွင် ပြောင်းပို့ကုန် အတက်အကျများရှိသော်လည်း ပျမ်းမျှအားဖြင့်မူ နှစ်စဉ်တန်ချိန် ၁ သန်းမှ ၁ ဒသမ ၅ သန်းဝန်းကျင် တင်ပို့နိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ခဲ့သည့်အတွက် ၂၀၂၀-၂၀၂၁၊ ၂၀၂၁-၂၀၂၂ ခုနှစ်များတွင် တင်ပို့မှုလျော့ကျခဲ့သော်လည်း ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ပြန်လည် တက်ရိပ်ရှိခဲ့သည်။

ယခုကာလများတွင် ပြောင်းပို့ကုန် တန်ဖိုးအား ဖြင့် ပျမ်းမျှနှစ်စဉ် ဒေါ်လာ သန်း ၅၀၀ ဝန်းကျင်ရှိပြီး ပြောင်းပို့ကုန်အများစုကို ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့နေသည်။ အထူးသဖြင့် အများဆုံးတင်ပို့သည့် ထိုင်းနိုင်ငံသို့ အခွန်အကောက် ကင်းလွတ်ကာလဖြစ်သည့် ဩဂုတ်လနှင့် ဖေဖော်ဝါရီလအတွင်း အများဆုံး တင်ပို့နေသည်။ လယ်ယာထုတ်ကုန်များတွင် ပြောင်း၏စျေးနှုန်းမှာ အခြားလယ်ယာစျေးနှုန်းများ နှင့်နှိုင်းယှဉ်လျှင် စျေးနှုန်းနိမ့်သော်လည်း တစ်ဖက်တွင် တစ်ကောအထွက်နှုန်းချင်းနှိုင်းယှဉ်လျှင် အခြားသီးနှံများထက်များနေခြင်းကြောင့် တစ်ဧကပြန်ရချက် တွက်ခြေကိုက်နေဆဲပင်ဖြစ်သည်။

သတိပြုရမည့်အချက်မှာ ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ပထဝီနိုင်ငံရေးမတည်ငြိမ်မှုများ၊ အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်မှုပေါ်လစီ ရိုက်ခတ်မှု၊ အရှေ့အလယ်ပိုင်းစစ်ပွဲကြောင့် လောင်စာစွမ်းအင်နှင့် ဓာတ်မြေဩဇာစျေးနှုန်း မြင့်တက်မှု စသည်တို့ကြောင့် လယ်ယာစိုက်ပျိုး ထုတ်လုပ်မှုစရိတ်များတက်လာသလို လယ်ယာ ကုန်စည်များ၏စျေးနှုန်းလည်း မြင့်တက်လာခဲ့ သည်။

မြင်သာသည့်အချက်မှာ လယ်ယာကုန်စည်များ စျေးနှုန်းတက်ရာတွင်လည်း ဇီဝလောင်စာဆီ (Bio Fuel) ပြောင်းလဲထုတ်လုပ်နိုင်သည့် လယ်ယာ ကုန်စည်များဖြစ်သည့်ကြံ၊ ဟင်းသီးဟင်းရွက်ဆီများ၊ ပီလောပီနံ၊ ပဲပုပ်၊ ဓနိ၊ ပြောင်း စသည့်ကုန်စည်များ ၏စျေးနှုန်းတက်မှုက ပို၍များကြောင်း FAO က ဖော်ပြသည်။ ဆိုလိုသည်မှာ ပြောင်းသည် လယ်ယာ ကုန်စည်များအနက် ဘက်စုံအသုံးအများဆုံး သုံးသည့်ကုန်စည်တစ်ခုဖြစ်ပြီး အများပြည်သူ အတွက် စားသောက်ကုန်၊ တိရစ္ဆာန်အစာအစာ၊ ဇီဝလောင်စာဆီထုတ်လုပ်နိုင်မှု စသည်တို့ကြောင့် အနာဂတ်ကာလတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ပိုမို ဦးစားပေး ထုတ်လုပ်လာကြမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အားသာသည့်အချက်မှာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် တိုးချဲ့နိုင်သည့် စိုက်ပျိုးမြေများရှိနေသေးခြင်း၊ သီးထပ်စိုက်ပျိုးမှု ပိုမိုလုပ်ဆောင်နိုင်ခြင်းဖြင့် ပြောင်းစိုက်ပျိုး ထုတ်လုပ်မှုနှင့် ပို့ကုန်ကိုလည်း တိုးချဲ့နိုင်မည် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် အားနည်းနေသေး သည့်အချက်မှာ ပြောင်းပို့ကုန်အများစုကို မူလ ထုတ်ကုန်အတိုင်း ပျမ်းမျှအရည်အသွေးအဆင့် FAQ ဖြင့်သာ တင်ပို့နေသောကြောင့် အထူးအရည်အသွေး SQ သို့ ပြောင်းလဲနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

ပို၍အရေးကြီးသည်မှာ လယ်ယာအခြေပြု ထပ်ဆင့်တိုးစားသောက်ကုန်များ၊ ပြောင်းအခြေပြု သရေစာအမျိုးမျိုး အဆင့်သင့်စားသောက်ကုန်များ ပြုလုပ်တင်ပို့နိုင်ရန် အထူးကြိုးစားရမည်ဖြစ်သည်။ နိုင်ငံတော်က လယ်ယာအခြေပြုထပ်ဆင့်ပြုပြင် လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ တိုးတက် ထွန်းကားလာရေးကို အားပေးနေသည့်ကာလ ဖြစ်သည့်အတွက် MSMEs အပါအဝင် လုပ်ငန်းရှင် များအတွက် အချိန်အခါကောင်းပင်ဖြစ်သည်။

ရေထွက်ကုန်ပစ္စည်းပို့ကုန်

ရေထွက်ကုန်ပစ္စည်းပို့ကုန်သည် အစဉ်အလာ အားဖြင့် အရေးပါသည့် ပို့ကုန်ဖြစ်သလို လက်ငင်းကာလများတွင်လည်း ပို့ကုန်တန်ဖိုး တက်ရိပ်ရှိနေခြင်းကြောင့် အနာဂတ်ကာလတွင် အလားအလာရှိသည့်ပို့ကုန်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ ဝယ်လိုအား မြင့်တက်လာမှုနှင့်အတူ စျေးနှုန်းအမြင့် ရှိခြင်း၊ လက်ငင်းကာလများတွင် လယ်ယာ စားသောက်ကုန်များအနက် ဝယ်လိုအားတိုးတက် တရုတ်၊ နေ့ဝေ၊ ဗီယက်နမ်၊ အိန္ဒိယ၊ ချီလီ၊ အီကွေဒေါ နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အဆင့် ၁၀ အတွင်းသာရှိနေသေးသည်။ ရေထွက် ကုန်ပစ္စည်း အများဆုံးတင်သွင်းနေသူများမှာ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ဂျပန်၊ စပိန်၊ အီတလီတို့ အသီးသီးဖြစ်သည်။

ရေထွက်ကုန်စည်များအနက် ငါးက အများဆုံး ဖြစ်ပြီး ဆာလမွန်ငါးနှင့် တူနာငါးတို့က အများဆုံး ဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းနှင့်ပတ်သက်၍ အများဆုံးတင်ပို့နေသည့်နိုင်ငံများအနေဖြင့် မူလ ထုတ်ကုန်တင်ပို့မှုထက် ထပ်ဆင့်ပြုပြင်ပြီး တင်ပို့ သည့်လုပ်ငန်းများက အများဆုံးဖြစ်သည်။ ဥပမာ အားဖြင့် အများဆုံးတင်ပို့သည့် တရုတ်နိုင်ငံဆိုလျှင် အခြားနိုင်ငံများမှ မူလထုတ်ကုန် ကုန်ကြမ်းရေထွက် ကုန်ပစ္စည်းများကို ဝယ်ယူပြီး ထပ်ဆင့်ပြုပြင်ကာ စျေးနှုန်းအမြင့်ဖြင့် ပြန်လည်တင်ပို့သည့်လုပ်ငန်းက အများဆုံးဖြစ်သည်။

FAO က ဖော်ပြသည့် စာရင်းအင်းများအရ မြန်မာနိုင်ငံအနေဖြင့် သဘာဝရေထွက်ပစ္စည်းအရင်း အမြစ်များကြွယ်ဝသလို ထုတ်လုပ်မှုမှာလည်း ပြည်တွင်းစားသုံးမှုထက် ကျော်လွန်သောကြောင့် တင်ပို့နိုင်ပြီး အဆင့်အားဖြင့် လက်ရှိအချိန်တွင် ၇/၈/၉ ဝန်းကျင်ရှိသော်လည်း ထုတ်ယူအသုံးမပြုရသေးသည့် အရင်းအမြစ်များနှင့်နှိုင်းယှဉ်လျှင် နည်းပါးနေသေးသည့် မွေးမြူရေးလုပ်ငန်းများကိုသာ တိုးချဲ့နိုင်လျှင် အဓိကတင်ပို့နိုင်သည့်အဆင့် ရောက်ရှိနိုင်ကြောင်း ဖော်ပြသည်။

မြန်မာ့ရေထွက်ကုန် ထုတ်လုပ်မှုနှင့် အလားအလာ

မြန်မာနိုင်ငံတွင် သဘာဝကုန်းတွင်းရေချို ငါးဖမ်းဧရိယာ ဟက်တာ ရှစ်သန်းကျော် (၈က ၁၉ သန်းကျော်)ရှိပြီး ပင်လယ်ငါးဖမ်းလုပ်ငန်းအတွက် ကီလိုမီတာ ၂၁၀၀ ကျော် ကျယ်ဝန်းသည့် ပင်လယ်ကမ်းရိုးတန်းရှိသည်။ သဘာဝငါးဖမ်းခြင်း ကို ရေချိုနှင့် ပင်လယ်ပြင်ငါးဖမ်းခြင်းဟူ၍ နှစ်ပိုင်း ရှိသည်။ ပင်လယ်ပြင်ငါးဖမ်းခြင်းကိုလည်း ကမ်းနီး (Inshore)နှင့် ကမ်းဝေး(Offshore) ငါးဖမ်းခြင်း တို့တွင် ကမ်းဝေးငါးဖမ်းခြင်းက အများဆုံးဖြစ်သည်။

ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုကို သဘာဝ ငါးဖမ်းခြင်းနှင့် မွေးမြူခြင်းဟူ၍ နှစ်ပိုင်းရှိသော်လည်း ရေထွက်ကုန်ပစ္စည်းအများစု ၈၀ ရာခိုင်နှုန်းမှာ သဘာဝအရဖမ်းဆီးခြင်းဖြစ်ပြီး ကျန် ၂၀ ရာခိုင်နှုန်းသာ မွေးမြူရေးလုပ်ငန်းများမှ ရရှိပါသည်။ ရေထွက်ကုန်ပစ္စည်းပို့ကုန်တွင်မူ ရေနှင့်ပိုင်း ထုတ်ကုန်များက ၇၀ ရာခိုင်နှုန်း၀န်းကျင်ပါဝင်ပြီး ရေချိုပိုင်းထုတ်ကုန်များက ၃၀ ရာခိုင်နှုန်းသာ ပါဝင်သည်။

ရေချိုငါးထုတ်လုပ်မှု၏အများစုကို ပြည်တွင်း၌သာ စားသုံးပါသည်။ သတိပြုရမည့်အချက်မှာ ကမ္ဘာ့ရေထွက်ကုန် အများဆုံးထုတ်လုပ်တင်ပို့နေ ကြသည့် တရုတ်နိုင်ငံအပါအဝင် ထိပ်ပိုင်းနိုင်ငံများ အနေဖြင့် အများစုကို မွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်တင်ပို့နေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာ့ရေထွက်ကုန်ကို သိသိသာသာ တိုးတက်လာ နိုင်သည့်နည်းလမ်းတစ်ခုမှာ မွေးမြူရေးလုပ်ငန်းကို ယခုထက်တိုးဖြင့်နိုင်ရန် အထူးကြိုးစားရမည် ဖြစ်သည်။

လက်ရှိကာလများတွင် မွေးမြူရေးလုပ်ငန်း လုပ်ဆောင်သည့် ဧရိယာဧက ကိုးသိန်း၀န်းကျင်၊ အအေးခန်းသိုလှောင်မှုစနစ် ၁၂၀ ဝန်းကျင်သာ ရှိနေသောကြောင့် နှိုင်းယှဉ်လျှင်နည်းပါးပါသည်။ ထို့ပြင် ငါးကန်အများစုမှာ နည်းပညာနှင့် မျိုးလိုအပ် မှုကြောင့် ကမ္ဘာ့စျေးကောင်းသည့် ရေထွက်ပစ္စည်း မွေးမြူနိုင်မှုလည်း အားနည်းနေသေးသည်။ မည်သို့ပင်ဖြစ်စေ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှု နှင့် ကုန်သွယ်မှုလုပ်ငန်းသည် နိုင်ငံ့ဝီစီးပွားရေး (GDP)ကို ခုနှစ်ရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်း၀န်းကျင် ဖြည့်စွမ်းပေးသည့်အပြင် အလုပ်အကိုင် ဖန်တီးပေး နိုင်မှုမှာလည်း သုံးသန်း၀န်းကျင်ရှိသည့်အတွက် အရေးပါသည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။

လတ်တလောကာလများတွင် ရေထွက်ကုန် ပစ္စည်းထုတ်လုပ်မှုနှင့် ပို့ကုန်မှာ အခက်အခဲများ ရှိသော်လည်း အပေါင်းလက္ခဏာဆောင်သည့် တိုးတက်မှုများလည်းရှိလာကြောင်း သိရပါသည်။ ပို့ကုန်တန်ဖိုးအတက်အကျ အနည်းငယ်ရှိသော် လည်း ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ဒေါ်လာသန်း ၅၀၀ မှ ၇၀၀ ကျော်အတွင်းရှိသည်။

လက်ရှိအချိန်တွင် မြန်မာ့ရေထွက်ပစ္စည်း ထုတ်ကုန်များ၏ တိုးတက်နိုင်သည့်အလားအလာ ရှိသော်လည်း လောင်စာဆီစျေးနှုန်းမြင့်တက်မှု ကြောင့် ထုတ်လုပ်မှုစျေးမြင့်တက်လာမှု၊ တိရစ္ဆာန် အစားအစာစျေးနှုန်းများ မြင့်တက်လာမှု၊ နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းအခက်အခဲများ စသည့် အဓိကစိန်ခေါ်မှုများ တွေ့ကြုံနေရသည့်ကာလ ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ထပ်ဆင့်ပြုပြင်လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေး နေသည့်ကာလဖြစ်သည့်အတွက် တွေ့ကြုံနေရ သည့်စိန်ခေါ်မှုများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုပုံစံ(PPP)ဖြင့် ပိုမိုပူးပေါင်းလုပ်ဆောင် မည်ဆိုလျှင် အချို့အခက်အခဲများ ကျော်လွှားနိုင်မည် ဖြစ်သည်။

စာမျက်နှာ ၇ သို့ ☆

မြင်သာသည့်အချက်မှာ လယ်ယာကုန်စည်များ စျေးနှုန်းတက်ရာတွင်လည်း ဇီဝလောင်စာဆီ (Bio Fuel) ပြောင်းလဲထုတ်လုပ်နိုင်သည့် လယ်ယာကုန်စည်များ ဖြစ်သည့် ကြံ၊ ဟင်းသီးဟင်းရွက်ဆီများ၊ ပီလောပီနံ၊ ပဲပုပ်၊ ဓနိ၊ ပြောင်း စသည့် ကုန်စည်များ၏စျေးနှုန်းတက်မှုက ပို၍များကြောင်း FAO က ဖော်ပြသည်။ ဆိုလိုသည်မှာ ပြောင်းသည် လယ်ယာကုန်စည်များအနက် ဘက်စုံအသုံးအများဆုံး သုံးသည့်ကုန်စည်တစ်ခုဖြစ်ပြီး အများပြည်သူအတွက် စားသောက်ကုန်၊ တိရစ္ဆာန်အစာအစာ၊ ဇီဝလောင်စာဆီထုတ်လုပ်နိုင်မှု စသည်တို့ကြောင့် အနာဂတ်ကာလတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ပိုမို ဦးစားပေး ထုတ်လုပ်လာကြမည်ဖြစ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် ဒက္ခိဏသိရိမြို့နယ်တို့ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်အဖိုးရှေ့၊ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိအခြေခံပညာအလယ်တန်းကျောင်း (နတ်သူရဲ)၊ အခြေခံပညာမူလတန်းလွန်ကျောင်း (ကျိုးအင်း)၊ အခြေခံပညာမူလတန်းလွန်ကျောင်း (ကင်ပွန်းတန်း)၊ အခြေခံပညာမူလတန်းလွန်ကျောင်း (ဘောဂဝတီ)၊ အခြေခံပညာမူလတန်းလွန်ကျောင်း (ရွာကောက်)နှင့် ဒက္ခိဏသိရိမြို့နယ် Pioneer Education ကိုယ်ပိုင်အလယ်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက် လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များကို လည်းကောင်း၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို လည်းကောင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှုန်များ ပေးဝေကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို ပုန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြင်ဦးလွင်မြို့တွင် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အသိပညာပေးဟောပြော

ပြင်ဦးလွင် နိုဝင်ဘာ ၂၇

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။



ဦးစွာ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချွေဦးသူဇာက အမှာစကား ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးနိုင်ကိုက ၁၆ ရက်တာ လှုပ်ရှားမှုနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်း၊ ပြင်ဦးလွင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ဝင်းဝင်းစိုးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။

❖ သံဖြူရေပြိုမြို့နယ်မှ

အဆိုပါ ပင်ဆားကျင်းအတွင်း ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများအသုံးပြု၍ အဆင့်မီ နေလုံးဆား ထုတ်လုပ်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဆားကွင်းပြုပြင်ခြင်း၊ နေလုံးအခြောက်ခံခြင်းနှင့် ဆားကြမ်းထွက်ရှိသည်အထိ အဆင့်ဆင့် ထုတ်လုပ်နေမှု လုပ်ငန်းစဉ်များကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆားလုပ်ငန်းရှင်များက လက်ရှိဆားထုတ်လုပ်မှု အခြေအနေနှင့် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒေသခံဆားလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဆားလုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းခွင်အတွင်း ကြုံတွေ့နေရသည့် ကိစ္စရပ်များနှင့် ထွက်ရှိလာသောဆားများကို ပြည်တွင်းစျေးကွက်သို့ ဖြန့်ဖြူးတင်ပို့နေမှု အခြေအနေများကို တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် အကြံပြုဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အဓိကဆားထုတ်လုပ်ရာ ဒေသကြီးတစ်ခုဖြစ်ပြီး ဒေသတွင်း စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် များစွာအရေးပါကြောင်း၊ ဆားထုတ်လုပ်မှု နည်းလမ်းများမှတစ်ဆင့် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများကို ထိရောက်စွာ ပေါင်းစပ်အသုံးပြုခြင်းဖြင့် လုပ်အားနှင့် အချိန်ကုန်သက်သာစေမည့်အပြင် နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ်ပြီး အရည်အသွေးပိုမိုကောင်းမွန်သည့် အိုင်အိုဒင်းဆားနှင့် စက်မှုကုန်ကြမ်းသုံးဆားများကို တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပစျေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ဒေသခံဆားလုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် လိုအပ်ချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

☆ စာမျက်နှာ ၆ မှ

ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် တင်ပို့မှုကို တိုးချဲ့နိုင်သည့်နည်းလမ်းမှာ လက်ရှိသဘာဝအရင်းဖမ်းခြင်းလုပ်ငန်းတွင် ပင်လယ်ပြင်ငါးဖမ်းခြင်း လုပ်ငန်းများစွာတိုးချဲ့နိုင်သလို တစ်ဖက်တွင်လည်း အခြားနိုင်ငံများကဲ့သို့ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် မွေးမြူရေး အထူးဇုန်များဖော်ဆောင်နိုင်ရန် လိုအပ်သည့်အရင်းအနှီး၊ နည်းပညာနှင့် စွမ်းကွက်များ ပိုမိုဖော်ဆောင်နိုင်ရေးအတွက် ပြည်တွင်းအရင်းအနှီးသာမက ပြည်ပအရင်းအနှီးများကိုပါ ဖိတ်ခေါ်လုပ်ဆောင်သင့်ပါသည်။

အဆိုပါလုပ်ငန်းများကို PPP ပုံစံဖြင့် လိုအပ်သည့်ပုံပိုးမှုများ၊ မွေးမြူရေးအခြေခံ အာမခံစနစ် အခြေခံအဆောက်အအုံနှင့် အခွေးခန်းပို့ဆောင်ထောက်ပံ့စနစ် စသည်တို့ကိုပါ တိုးချဲ့လုပ်ဆောင်ရမည်ဖြစ်သည်။ အဆိုပါမွေးမြူရေးဇုန်များမှာ ကုန်ကြမ်းထုတ်လုပ်မှုအပိုင်းမှ စက်မှုကုန်ချော ထုတ်လုပ်မှုနှင့် တင်ပို့မှုများအထိ အကျုံးဝင်သော ကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကောင်းမွန်သည့် မွေးမြူရေးလုပ်ငန်းအလေ့အကျင့်(GAqP)နှင့် ကောင်းမွန်သည့် ထပ်ဆင့်ပြုပြင်လုပ်ငန်းများ အလေ့အကျင့်(GMP)များနှင့် ကိုက်ညီအောင် လုပ်ဆောင်ခြင်းဖြင့် ကမ္ဘာ့စျေးကွက်များသို့ ပိုမို ဝင်ရောက်နိုင်မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရေထွက်ကုန်ပစ္စည်းထပ်ဆင့် ပြုပြင်လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ၊ ပို့ကုန်လုပ်ငန်းများ ပိုမိုထွန်းကားလာလျှင် ရေထွက်ကုန်ပစ္စည်း ထုတ်ကုန်တန်ဖိုးမြင့်တက်လာမှုနှင့် အတူ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ပေါက်လာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အဆိုပါ လုပ်ငန်းများ လုပ်ဆောင်မည့် MSMEs များအပါအဝင် စီးပွားရေးလုပ်ငန်းများအတွက် စဉ်ဆက်မပြတ် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ရည်ညွှန်းကိုးကား-

- FAO; “Food Price Index,”(2026) https://www.fao.org
- FAO; “Fisheries and Aquaculture” https://www.fao.org
- Myanmar Digital News https://www.mdm.gov.mm
- SEAFDFC; “Fishery Country Profile, Myanmar (2022),” https://www.seafdfc. fisherycountryprofile.org
- ဒေါက်တာမောင်အောင် - စီးပွားရေးစိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများ၊ ဇွန်လ ၂၀၂၆ ခုနှစ်

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကြားဖြတ်ရွှေကောက်ပွဲကျင်းပမည့် မြို့နယ် ၁၁ မြို့နယ်၏ အတည်ပြုလူဦးရေစာရင်း မှန်ကန်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၂၇ ခုနှစ် ဧပြီ၄ ရက်တွင် ကြားဖြတ်ရွှေကောက်ပွဲကျင်းပမည်ဖြစ်ရာ ပဲခူးတိုင်းဒေသကြီးအတွင်း၌ မြို့နယ် ၁၁ မြို့နယ်တွင် ကြားဖြတ်ရွှေကောက်ပွဲကျင်းပမည်ဖြစ်သည့်အတွက် ကြားဖြတ်ရွှေကောက်ပွဲကျင်းပနိုင်ရန် အဓိကကျသည့် မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် အတည်ပြုလူဦးရေစာရင်းတိကျမှန်ကန်စေရန် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကော်မတီ အဆင့်ဆင့်က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လှဝင်မွကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီဝင်များ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့သည်။

ထို့ပြင် လူဦးရေစာရင်းများပြုစုရာတွင် မြို့နယ်





ဦးစီးမှူးရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံပြုစုရသည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်းပါအချက်အလက်များ မှန်ကန်ရန်လိုအပ်ကြောင်း၊ လူဦးရေအတိုးအလျော့၊ ပြောင်းဝင်၊ ပြောင်းထွက်၊ သေဆုံးပယ်ဖျက်စာရင်းများကို သတ်မှတ်ချက်နှင့်အညီ ကာယကံရင်ကဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ကော်မတီအဆင့်ဆင့်ကလည်း အသိပေးတိုက်တွန်းနှိုးဆော်ကာ လိုအပ်သလို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြရန်၊ နိုင်ငံသားကတ်ပြားမရရှိသေးသူများအား နိုင်ငံသားကတ်ပြားစိစစ်ထုတ်ပေးရေး၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biometric ကောက်ယူ၍ UID နံပါတ်ထုတ်ပေးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ နယ်မြေဒေသအလိုက် မဖြစ်မနေ တွန်းအားပေးဆောင်ရွက်ပေးကြရန်လည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီ အဆင့်ဆင့်ဖွဲ့စည်းထားရှိမှု၊ ကြားဖြတ်ရွှေကောက်ပွဲကျင်းပမည့် မြို့နယ် ၁၁ မြို့နယ်၏ အတည်ပြုလူဦးရေစာရင်း မှန်ကန်ရေးဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သန့်ပင်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန့်ပင်မြို့နယ် ဦးစီးမှူးရုံး၀င်း၌ ဧည့်ကြိုကောင်တာ ဆောင်ရွက်ထားရှိမှု၊ မြို့နယ်ရုံးအတွင်း၌ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်၊ ပြောင်းထွက်နှင့် မွေးဖွားမှု၊ သေဆုံးမှုတို့အတွက် လူဦးရေအတိုးအလျော့ လုပ်ငန်းစဉ်များ၊ အသက်(၁၈)နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများ၊ နိုင်ငံသားကတ်ပြား ပျက်စီးပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် e-ID စနစ်ဖြင့် UID ကောက်ယူ ဆောင်ရွက်နေမှုများနှင့် ပတ်သက်သည့်လုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေ၊ မြို့နယ်ရုံး မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပူတာအိုမြို့နယ်၌ ကျေးရွာစွန့်ပစ်အမှိုက်ကင်းစင်ရေး ဆောင်ရွက်

ပူတာအို နိုဝင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မူလာအွန် ကျေးရွာတွင် အမှိုက်ကင်းစင်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၅ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများ စုပေါင်းပါဝင်၍ လမ်းဘေးဝဲ/ယာရှိ အမှိုက်များ၊ ရေမြောင်းများအတွင်းရှိ အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အမှိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းမပြုရန်၊ အမှိုက်များကို သတ်မှတ်ထားသည့် နေရာများတွင် စနစ်တကျစွန့်ပစ်ရန်နှင့် မိမိတို့နေအိမ်ပတ်ဝန်းကျင်မှစ၍ သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ကြရန် အသိပညာပေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

ဝေါမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေး ကွင်းဆင်းစစ်ဆေး

ဝေါ နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးလောင် မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ယမန်နေ့က မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက မီးဘေးဘီးရိမ်ရသော မြို့ပေါ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအား အယ်လ်နီညိုကာလတွင်



မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရန် လျှပ်စစ်မီးသုံးစွဲခြင်း၊ မီးဖိုမီးသုံးစွဲခြင်း၊ အိမ်မိတိုင်း၌ ကနဦး မီးငြိမ်းသတ်နိုင်ရေး ရေလုံလောက်စွာထားရှိပြီး ရေပုံးများ အသင့်ထားရှိရေး၊ မီးသတ်ဆေးဘူးများထားရှိစေရေး၊ ရပ်ကွက်၊ ကျေးရွာအတွင်း ရှိလမ်းများ မီးသတ်ယာဉ်များ အလွယ်တကူ ဝင်ထွက်နိုင်ရန် ဆောင်ရွက်ထားရှိရေးနှင့် အပူချိန်မြင့်တက်လာခြင်းကြောင့် နောက်ဆက်တွဲ ဘေးအန္တရာယ်များကို ပြည်သူများ သတိထားနေထိုင်နိုင်ရေးအသိပညာပေးခြင်းကိုတစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

ညောင်ဦးမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ အသိပညာပေးဆွေးနွေး

ညောင်ဦး နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အခွန်ဦးစီးဌာနမှုးရုံးတွင် ယမန်နေ့ နံနက်ပိုင်းက လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ထိုသို့ ရှင်းလင်းဆွေးနွေးရာ မြို့နယ်အခွန်ဦးစီးဌာနမှုး ဒေါ်အိလှိုင်ကြည်ဝင်းက တံဆိပ်ခေါင်းခွန် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရုံးခွန်နှုန်း အခွန်တံဆိပ်ခေါင်းများ ရောင်းချခြင်း ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်စေရေး၊ ရောင်းချ



ရာတွင် သတ်မှတ်နှုန်းထားများအတိုင်း မှန်ကန်စွာရောင်းချရေး၊ စာရင်းဇယားများ စနစ်တကျထားရှိရေးနှင့် သတ်မှတ်စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဒီပါလင်း(ပြန်/ဆက်)

ဆီဆိုင်မြို့၌ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်



ဆီဆိုင် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသေ ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အယ်လ်နီညို အန္တရာယ်ဆိုင်ရာများ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းရှိ ခန်းမ၌ ဆောင်ရွက်သည်။

ဖြန့်ဝေ

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အယ်လ်နီညို အန္တရာယ်ဆိုင်ရာများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက လူငယ်နှင့်စာပေ ဖတ်ရှုခြင်း အကြောင်းများကို အသိပညာပေး ဟောပြောခဲ့ကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား အယ်လ်နီညို ရာသီဥတုဖြစ်စဉ် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ Bago LSCS Application အသုံးပြုနည်း သင်တန်းဖွင့်

အုတ်တွင်း နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်း ဖွင့်လှစ်ခြင်းကို အုတ်တွင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယမန်နေ့ နံနက်ပိုင်းတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သိရိရတနာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်



အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က အမှာစကား ပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာထက်ယမုံဦးကသင်တန်း ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များ၊ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း လုပ်ငန်း၏ Software အသုံးပြုနည်းစနစ်များ၊ စာရင်းများ ကောက်ယူရေးလုပ်ငန်းစဉ်များ၊ မြေပြင်တွင်ကွင်းဆင်းစာရင်း ကောက်ယူရာတွင် လိုက်နာရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၂၆)ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီနှင့် P&K Ice-Cream Academy Co.,Ltd. တို့ ပူးပေါင်းဖွင့်လှစ်သည့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖြစ်သည့် ရေခဲမုန့်၊ ရေခဲချောင်း၊ ရေခဲထုပ် ထုတ်လုပ်နည်းသင်တန်းကို ယနေ့တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ပရဟိတ သက်ဓွေးပညာသင်ကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းကို လူငယ်များသည် မိမိတို့ တတ်မြောက်ထားသည့် နည်းပညာဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းမှတစ်ဆင့် စီးပွားရေးလုပ်ငန်းရှင်ကြီးအဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး လူမှုဘဝမှလုံခြုံစေရန် ရည်ရွယ်၍ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ငါးရက်တိုင်တိုင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး မသန်စွမ်းလူငယ်များနှင့် အထူးအလေးပေးရမည့် လူငယ်များအပါအဝင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ယခု သင်တန်းသည် နည်းပညာကို သင်ကြားပေးရုံသာမက လူငယ်များ၏ စွန့်စားတီထွင်လိုစိတ်၊ ဖန်တီးလိုစိတ်များ၊ အရည်အချင်းနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ရန်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် အနာဂတ်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်ရန် အတွက် အကျိုးရှိမည့်သင်တန်းဖြစ်ကြောင်း၊ ယခု သင်တန်းမှရရှိသည့် အတွေ့အကြုံအခြေခံနည်းပညာကို လူငယ်တို့၏လက်ထက်တွင်ပိုမိုကောင်းမွန်အောင် စွမ်းဆောင်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများသည် စားသုံးသူများအတွက် ကျန်းမာရေးထိခိုက်မှုမရှိစေရေးနှင့် အစားအသောက်အန္တရာယ်ကင်းရှင်းပြီး ကျန်းမာပျော်ရွှင်သွားကြစေရန် သန့်ရှင်းစင်ကြယ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း တိုက်တွန်းပြောကြားပြီး P&K Ice-Cream Academy Co.,Ltd. သို့ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အထိမ်းအမှတ်လက်ဆောင်ကို ချီးမြှင့်ခဲ့ရာ P&K Ice-Cream Academy Co.,Ltd. ဥက္ကဋ္ဌ ဒေါ်ခင်မြဝင်းက လက်ခံရယူသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ရွှေမန္တလေး ရေခဲစက်ပြုပြင် တပ်ဆင်ရေးလုပ်ငန်းသို့ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အထိမ်းအမှတ်လက်ဆောင်ကို ချီးမြှင့်ရာ ရေခဲစက် ပြုပြင်ရေးလုပ်ငန်းက လက်ခံရယူသည်။

ထို့နောက် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်က သင်တန်းနည်းပြ ဆရာမ ဒေါ်ခင်မြဝင်းနှင့် လက်ထောက်သင်တန်းနည်းပြ ဆရာ ဦးရန်လင်းအောင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး P&K Ice-Cream Academy Co.,Ltd. က နေပြည်တော် မသန်စွမ်းလူငယ်များအသင်းသို့ ရေခဲမုန့်စက်လှူဒါန်းရာ နေပြည်တော်မသန်စွမ်းသူများ အသင်းဥက္ကဋ္ဌ ဒေါ်ငဲသီတာထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မအူပင်ခရိုင်ရုံး၊ ညောင်တုန်းမြို့နယ်ရုံးနှင့် ပန်းတနော်လူထုအခြေပြုဗဟိုဌာနတို့ကို ကြည့်ရှုစစ်ဆေး

ပန်းတနော် နိုဝင်ဘာ ၂၇

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မအူပင်ခရိုင်ရုံး၏ ရုံးလုပ်ငန်းနှင့် စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် မအူပင်ခရိုင်ရုံးဝန်ထမ်းများ၊ ဓနုဖြူမြို့နယ်ရုံး ဦးစီးအရာရှိတို့အား တွေ့ဆုံ၍ ရုံးလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များကို မှာကြားသည်။



ဆောင်ရွက်ပေး

ယနေ့ နံနက်ပိုင်းတွင် ညောင်တုန်းမြို့နယ်ရုံးရှိ ကလေးစာဖတ်ခန်းနှင့် စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ရုံးသန့်ရှင်း သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာနရှိ ပြတိုက်ငယ်ခင်းကျင်းထားရှိမှု၊ ကွန်ပျူတာခန်း၊ အနုပညာခန်းမနှင့် အားကစားခန်းမများ ခင်းကျင်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းတို့တွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လူထုအခြေပြု ဗဟိုဌာနအား ပြည်သူများ အကျိုးရှိစွာအသုံးပြုနိုင်ရေး၊ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရန်၊ ဝန်ထမ်းကောင်း ပီသစွာဖြင့် ကျင့်ကြံ နေထိုင်ကြရန်နှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရှိသေပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များ အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ပန်းတနော်မြို့နယ် ဦးသန့်စာကြည့်တိုက်၌ စာကြည့်တိုက်၌ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရောင်ပြန်စတစ်ကာများ ကပ်ပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးခြင်းဆောင်ရွက်

တွံတေး နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ညအချိန်စီးနင်းမောင်းနှင်ရာတွင် အဝေးမှကောင်းမွန်စွာမြင်နိုင်ကာ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရည်ရွယ်ပြီး ရောင်ပြန်စတစ်ကာများ ကပ်ပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက သတ်မှတ်နေရာများ၌ ပြုလုပ်သည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၅၇) တွံတေးစုမှူး ဒုရဲမှူးပြည်စိုးနှင့် တပ်ဖွဲ့ဝင်များသည် တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်း ကျောက်တိုင်အနီးနှင့် ရွှေဆံတော်ရပ်ကွက် ဗိုလ်ချုပ်လမ်း ရွှေဆံတော်ဘုရားမြောက်ဘက်မုခ်အနီး၊ ဘုရားငုတ္တိုလ်ကျေးရွာ ဒဂ-တွံတေး ကားလမ်း ဘုရားငုတ္တိုလ်လမ်းဆုံတို့တွင် တေးတွဲဆိုင်ကယ်/အိုးဝေများကို ညအချိန်စီးနင်းမောင်းနှင်ရာတွင် အဝေးမှကောင်းမွန်စွာမြင်နိုင်ရန် ရည်ရွယ်ပြီး ရောင်ပြန်စတစ်ကာများ ကပ်ပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



ပြည်မြို့၌ Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းကျင်းပ



ပြည် နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိရစ္ဆာန်ကောင်းရေစာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပုလဲသီတာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်းကို ဒေါက်တာနှင်းနှင်းဦးက လက်တွေ့ သင်ကြားပို့ချပေးရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သင်တန်းသား သင်တန်းသူဦးရေ စုစုပေါင်း ၂၂၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၆) ကြိမ်မြောက် အစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးတို့ကို အထောက်အကူပြုစေမည့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အစိုးရ-ပုဂ္ဂလိက ကဏ္ဍအကြား ဟန်ချက်ညီညီ လက်တွဲပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ကျင်းပသည့် ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၃)၌ ကျင်းပသည်။



အစည်းအဝေးသို့ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ခရီးသွားလုပ်ငန်းကော်မတီဝင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတိယိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)၊ အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး ၂၀၀၈ ခုနှစ်မှစ၍ အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆု စုစုပေါင်း ၁၅ ဆုရရှိထားပြီးဖြစ်ရာ ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်းဗိုလ်ရမ်-၂၀၂၇ တွင် ပေးအပ်ချီးမြှင့်မည့် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆု ၁၅ ဆုကို ရရှိနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးသွားလုပ်ငန်းများ ပါဝင်လျှောက်ထားကြရန် လိုအပ်ကြောင်း။

ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် မြန်မာ့ခရီးသွားလုပ်ငန်းသတင်းအချက်အလက် ဖြေကြားမှုစနစ် (Myanmar Tourism Call Center) ကို AI နည်းပညာနှင့် ပေါင်းစပ်ချိတ်ဆက်၍ အလိုအလျောက် တိကျစွာ ပြန်လည်ဖြေကြားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် ခရီးသွားဝန်ဆောင်မှုအားလုံးကို One-Stop Solution အဖြစ် စုစည်းပေးမည့် မြန်မာနိုင်ငံ ဘက်စုံခရီးသွားလုပ်ငန်းဆိုင်ရာ ဒီဂျစ်တယ်ပလက်ဖောင်း "Myanmar Integrated Digital Tourism Platform (MIDTP)" ရေးဆွဲအကောင်အထည်ဖော်နေမှုတို့တွင် ဒေသဆိုင်ရာကော်မတီများနှင့် ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးက ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူးက ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် အမှာစာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် လုပ်ငန်းလိုင်စင်ခွင့်ပြုထားရှိမှု၊ ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်မြှင့်တင်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေး၊ ခရီးသွားစွေးကွက် မြှင့်တင်ရေး၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူစွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဒဂုံတက္ကသိုလ်အတွင်း အဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) ဒဂုံတက္ကသိုလ်အတွင်းရှိ အဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ တက္ကသိုလ်အတွင်း အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁)၊ (၂) နှင့် ကုမ္ပဏီများက အဆောက်အအုံ ၂၉ လုံး ပြင်ဆင်ထိန်းသိမ်းနေမှု၊ အဆောက်အအုံရှစ်လုံး အသစ် တည်ဆောက်နေမှု၊ ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တက္ကသိုလ် အတွင်း/အပြင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး အတွက် ဆောင်ရွက်နေမှု၊ ပန်းခြံတည်ဆောက်မည့်နေရာ၊ ကျောင်းအဝင်လမ်းမကြီး မြေယာရှုခင်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သွားရောက် ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် တက္ကသိုလ် အင်ဂျင်နှင့်အညီ ဖြစ်စေရန်၊ အဆောက်အအုံများ ရေရှည် တည်တံ့ခိုင်မြဲစေရေး အတွက် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ၂၀၂၅ နှင့် အညီ တည်ဆောက်သွားကြရန်၊ တက္ကသိုလ် ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပစေရေး စနစ်တကျ ဆောင်ရွက်ရန်၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်အောင် ဆောင်ရွက်ထားရှိရန်၊ အမိုးပါပေါင်းကူး လျှောက်လမ်းများဆောင်ရွက်ရန်၊ ဦးစားပေးအလိုက် ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ အမျိုးအစားမှန်ကန်စေရေး၊ လက်ရာသေသပ် ကောင်းမွန်စေရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဆင့်အလိုက် ဆောင်ရွက်သွားရန်၊ တည်ဆောက်ခြင်း လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နေသည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ စီမံချက်အတိုင်းပြီးစီးရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြိုပင်ကောက်မြို့နယ်၌ တိရစ္ဆာန်အစာအတွက် တောင်သူပညာပေး ကွင်းသရုပ်ပြ

ကြိုပင်ကောက် နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ကြိုပင်ကောက်မြို့နယ် ကုန်းမြင့်ကျေးရွာတောင်သူ ဦးဆန်းဝင်း၏ မိုးစပါးရိတ်သိမ်းပြီး လယ်ငါးဧကခွဲ အယ်လ်နီညိုကာလ တိရစ္ဆာန်အစာအတွက် ကောက်ရိုးထုံးကိရိယာဖြင့် ကောက်ရိုးထုံးခြင်း တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုကာလအတွင်း တိရစ္ဆာန်အစာအတွက် ကြိုတင်စုဆောင်းရမည့်အချက်များ၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကောက်ရိုးအလွတ် ကောက်ယူစက်ဖြင့် ကောက်ရိုးထုံးခြင်းတို့ကို ရှင်းလင်း၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက တိရစ္ဆာန်အစာအတွက် ကောက်ရိုးထုံးခြင်း ဆောင်ရွက်ပြီးသော လယ်ယာမြေများ၌ ဆောင်းသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများက ကောက်ရိုးအလွတ် ကောက်ယူစက်ဖြင့် ကောက်ရိုးထုံးခြင်းကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဓေယျာထွန်း(ကြိုပင်ကောက်)**





ဝေါမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ဝေါ နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က အခြေခံပညာအထက်တန်းကျောင်း(ဝေါ) သီရိဓေယျာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို မြေပြင်တွင် လက်တွေ့ကောက်ယူရာ၌ လိုက်နာရမည့် လုပ်ငန်းများနှင့် စာရင်းကောက်ယူရေး Mobile Application အသုံးပြုမှုဆိုင်ရာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အပိုးတန်ရေချို
တန်ဖိုးထား
ထိန်းသိမ်း
ကြစေလို

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၇

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကို ယနေ့နံနက်စာနာရီတွင် နိုင်ငံဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) နှင့် တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ပေးအပ်ချီးမြှင့်

သင်တန်းဆင်းပွဲ တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းသား အရာရှိကြီးများ အနေဖြင့် မိမိတို့ဦးဆောင်ရသည့် အခန်းကဏ္ဍများတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး စသည့်အမြင် (၄)မြင်ဖြင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ ရုံးလုပ်ငန်းများ တစ်ပုံစံတည်း ဖြစ်စေရေး စနစ်တကျဆောင်ရွက်ရန်၊ နိုင်ငံ၏အခြေအနေအရပ်ရပ်ကို စဉ်ဆက်မပြတ်လေ့လာရန်၊ နိုင်ငံဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ နိုင်ငံဝန်ထမ်း ကျင့်ဝတ်အပါး (၃၀) တို့ကို ကိုယ်တိုင်လည်း စံနမူနာပြအဖြစ် တိတိကျကျ လိုက်နာရန်၊ အထက်၊ အောက်၊ ဘေးတိုက်အဆင့် အားလုံးနှင့် အဆင်ပြေချောမွေ့အောင်ညှိနှိုင်းပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်၊ ကြီးကြပ်ကွပ်ကဲမှု အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်စေရန်အတွက် ဝန်ထမ်းများကို ဦးဆောင်လမ်းပြပေးရန် တိုက်တွန်းမှာကြားပြီး သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားတစ်ဦးချင်းစီ ပေးအပ်ချီးမြှင့်သည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၁၃) သို့သင်တန်းသား ၁၉၃ဦး၊ သင်တန်းသူ ခုနစ်ဦး စုစုပေါင်း ၂၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ယမန်နေ့တွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၁၃)၏ အဖွဲ့လိုက် စာတမ်းဖတ်ကြားခြင်း အခမ်းအနားကို တက်ရောက်၍ သင်တန်းသား သင်တန်းသူများ၏ တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးဖြည့်စွက် မှာကြားခဲ့သည်။ ဆက်လက်၍ တက္ကသိုလ် အစည်းအဝေး ခန်းမတွင် တက္ကသိုလ်ပညာရပ် အဖွဲ့နှင့် တွေ့ဆုံ၍ ပညာဌာနများမှ သင်တန်းအလိုက် ဆွေးနွေးပို့ချသည့် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး သင်တန်းသား သန္ဓေမိသားစုဝင်များ၏ သက်သာချောင်ချိရေးကို အထောက်အပံ့ဖြစ်စေသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၂၀)မှ သင်တန်းသား သင်တန်းသူများ၏ လက်နက်ဖြင့် စစ်ရေးပြလေ့ကျင့်မှုများကိုကြည့်ရှုစစ်ဆေးပြီး ရတနာသိမ်ဃ်ခန်းမ၌ အရာထမ်းငယ် သင်တန်းအမှတ်စဉ်(၁၃၈) နှင့် အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ် (၁၆)တို့မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံမှာကြားကာ တက္ကသိုလ်တွင်စိုက်ပျိုးထားသောရာသီသီးနှံစိုက်ခင်း၊ တစ်သျှူးဌက်ပျောစိုက်ခင်းနှင့် မွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဖြူးမြို့နယ်၌ Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းပေး

ဖြူး နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် စည်ပင်သာယာခန်းမ၌ သင်ကြားသည်။

အဆိုပါသင်တန်းတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေဦးစီးဌာန မြို့နယ်ဦးစီးမှူးက Bago LSCS Application ဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမည့်အချက်အလက်ပုံစံများနှင့် စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)



တပ်ကုန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေးဟောပြော

တပ်ကုန်း နိုဝင်ဘာ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရွေးစုကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာ သာသနာတိတကာရီစာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက စည်းလုံးညီညွတ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုမိခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဥပဒေရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူများအတွက် ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ရှောင်ရန်၊ ဆောင်ရန် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

တင်စိုးလွင်



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမနှစ်သင်တန်း တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများ စိစစ်ရွေးချယ်



နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမနှစ် သင်တန်း တက်ရောက်ကြမည့် နယ်စပ်ဒေသများမှ သင်တန်းသား သင်တန်းသူများအား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဒီဂရီကောလိပ်၌ စိစစ်အတည်ပြုရွေးချယ်သည်။

စိစစ်ရွေးချယ်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ် ကျော်စွာဦးသည် တာဝန်ရှိသူများနှင့် အတူ တက်ရောက်ပြီး သင်တန်းသား သင်တန်းသူများအား စိစစ်အတည်ပြုရွေးချယ်သည်။

ယခုပညာသင်နှစ်တွင် သင်တန်းသား ရွေးချယ်ရေးဗဟိုကော်မတီက စိစစ်ရွေးချယ်ပေးသည့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်ပါးသော နယ်စပ်ဒေသများမှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ သင်တန်းများအတွက် ကျောင်းသား ကျောင်းသူ ၃၄၀ ကို စိစစ်အတည်ပြု ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ပြီးပါက ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ လေးနှစ်နှင့် A.G.T.I ဒီပလိုမာ သုံးနှစ် သင်ကြားပေးသွားမည်ဖြစ်ကာ ကျောင်းဆင်းပြီးချိန်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာရရှိသူများအား နယ်စပ်ဒေသများရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၌ အကြီးတန်းစာရေးနှင့်အဆင့်တူ ရာထူးနေရာများတွင် နိုင်ငံဝန်ထမ်းများအဖြစ် ခန့်အပ် တာဝန်ပေးအပ်မည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာ သင်တန်းလက်နက်ငယ် ဘာသာရပ် လက်တွေ့လေ့ကျင့်ပေးနေမှုနှင့် ပင်မဆောင်ရှိ သင်ကြားရေးဌာန ရုံးခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကာ စားရိပ်သာ၌ ပါမောက္ခ/ ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သဘာဝကပေး ရေချို့အေး ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး

ရေတာရှည်မြို့နယ်၌ ကိုယ်လုံပညာသင်တန်းဖွင့်



ရေတာရှည် နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကိုယ်လုံပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဆက်လက်ပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာအောင်က အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဘက်ပေါင်းစုံမှ မြှင့်တင်ပေးရန်၊ အမျိုးသမီးများ၏ ဘဝလုံခြုံရေးကိုကာကွယ်စောင့်ရှောက်ပေးရန်၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ပိုမိုမြတ်နိုး တန်ဖိုးထားတတ်စေရန်နှင့် အမျိုးသမီးများအား အကြမ်းဖက်မှု/ လူကုန်ကူးမှု၊ သက်ငယ်မှဒိမ်းမှုများမှကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသူ ၂၅ ဦးဖြင့် နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းနည်းပြဆရာက ကရာတေးအခြေခံနည်းစနစ်များကို လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အွန်လိုင်းစနစ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၇

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ အွန်လိုင်းစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အဂတိလိုက်စားမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အုပ်ချုပ်ရေးစနစ် ထိရောက်မှုနှင့် ပြည်သူများ၏ အစိုးရအပေါ် ယုံကြည်မှုတို့ကို ထိခိုက်စေနိုင်သော ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် လူတိုင်းလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှု၏ဆိုးကျိုးများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တားဆီးကာကွယ်ရေးနှင့် အသိပညာပေးရေး အစီအစဉ်များကို တစ်နိုင်ငံလုံးပျံ့နှံ့စေရန် တိုးမြှင့်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း လက်အောက်ရှိ အဖွဲ့အစည်းများကို ဆွေးနွေးပွဲမှ ရရှိလာမည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထပ်ဆင့်မျှဝေပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းခဲ့ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးညွှန့်ခေါင်းဆောင်၍ ချင်းပြည်နယ်အစိုးရအဖွဲ့မှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

ဖလမ်း နိုဝင်ဘာ ၂၇

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့တောင်ဇလပ်ရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်က ဖလမ်းမြို့တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဒေသခံပြည်သူနေအိမ်အချို့နှင့် နေရပ်ပြန်လာသူများအား အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ရန်ပုံငွေဖြင့် ထောက်ပံ့သည့် အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဌာနဆိုင်ရာအဆောက်အအုံများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ရန်ပုံငွေဖြင့် ပြင်ဆင်လျက်ရှိရာတွင် အဆောက်အအုံ ပြန်လည်ပြုပြင်သည့်လုပ်ငန်း ၂၈၈ ခုအနက် ရာနှုန်းပြည့်ပြီးစီးသည့် လုပ်ငန်းပေါင်း ၂၀၁ ခု ဖြစ်ကြောင်း၊ ကျန်ရှိသည့် လုပ်ငန်း ခုနစ်ခုအား အချိန်မီပြီးစီးနိုင်ရေးနှင့် လုပ်ငန်းအရည်အသွေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး ပူးပေါင်းကြီးကြပ်ရန် လိုအပ်ကြောင်း၊ ဆိုလာတပ်ဆင်ခြင်း လုပ်ငန်း ခြောက်ခုရှိပြီး လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကျိုးရှိရှိ အသုံးပြုနေကြသည်ကိုတွေ့ရကြောင်း၊ သက်ဆိုင်ရာဌာနများအလိုက်၊ မိမိတို့ဌာနအလိုက် လစ်လပ်ဝန်ထမ်းအင်အားများ ဖြည့်တင်းကာ လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် အကြီးစား ပျက်စီးသွားသည့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆယ်တင်ပစ္စည်းများ အလေအလွင့်မရှိစေရေး စနစ်တကျ သိမ်းဆည်းထားရှိရန်၊ ဝန်ကြီးဌာနဖြည့်စွက်ရန်ပုံငွေဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ အကြီးစားပြင်ဆင်ရန် ခွင့်ပြုထားပြီးဖြစ်ရာ လုပ်ငန်းစတင်ဆောင်ရွက်ပါက လုပ်ငန်းအရည်အသွေး ကောင်းမွန်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကို သက်ဆိုင်ရာက ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြန်မာ့စီးပွားရေးဘဏ်၌ ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆိုလာတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အငြိမ်းစားလစာ လာရောက်ထုတ်ယူသည့် ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားကာ ခရိုင်ပညာရေးမှူးရုံး၀န်ထမ်းအိမ်ရာ အာရုံစိုလေးခန်းတွဲ နှစ်ထပ်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပုတီးကုန်းမြို့၌ စားအုန်းဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

သဲကုန်း နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ စားအုန်းဆီဖြန့်ဖြူးရောင်းချသည့်ဆိုင်များအား ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့အတွင်းရှိ စားအုန်းဆီအရောင်းဆိုင်များ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပုတီးကုန်းမြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်ဦး ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထင်ဇော်ထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသော ဆီအမျိုးအစားများ၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ၊ စားသုံးသူပြည်သူများ အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းမှန်၊ အရေအတွက်မှန်၊ အရည်အသွေး၊ အလေးချိန်နှင့် အခြင်အတွယ်မှန်ကန်မှုရှိစေရေး စာအုပ်ပါခွဲတမ်းအတိုင်း စာအုပ်စနစ်ဖြင့် မှန်ကန်စွာ ရောင်းချပေးခြင်းရှိ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မြဝတီမြို့၌ စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှု ပြုလုပ်

မြဝတီ နိုဝင်ဘာ ၂၇

ကရင်ပြည်နယ် မြဝတီမြို့တွင် ပြည်သူ့စာကြည့်တိုက်တန်ဖိုးကို သိရှိစေရန်နှင့် စာကြည့်တိုက်ကို အကျိုးရှိစွာအသုံးပြုတတ်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျွန်ုပ်တို့စာကြည့်တိုက် ကျွန်ုပ်တို့ကမ္ဘာ့လှပရှားမှုကို ကျင်းပသည်။



အဆိုပါလှုပ်ရှားမှုသို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းအဆင့် ကျောင်းသူ ကျောင်းသားများ လေ့လာခဲ့ကြရာ မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လှုပ်ရှားမှုပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး မြဝတီမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသက်ဦးနိုင်က လူငယ်များ စာပေဗဟုသုတဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဖြေကြားနိုင်သည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် နေ့စဉ်ဘဝအသုံးချဗဟုသုတဆိုင်ရာ စာအုပ်စာစောင်များ ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြပြီး သတင်းအချက်အလက်ရှာဖွေခြင်းနှင့် အွန်လိုင်းသတင်း မှန်ကန်မှု စစ်ဆေးနည်းဗိတ်ဆက်ခြင်းအစီအစဉ်ကို ကျောင်းသား ကျောင်းသူများက ဆက်လက်လေ့လာခဲ့ပြီး လက်တွေ့ဆန်းစစ်ခဲ့ကြသည်။

အဆိုပါလှုပ်ရှားမှုသို့ လာရောက်လေ့လာခဲ့ကြသည့် ကျောင်းသား ကျောင်းသူများက ခရိုင်ရုံးပြည်သူ့စာကြည့်တိုက်ရှိ သုတ ၊ရသ စာအုပ်စာစောင်များဖတ်ရှုလားရမ်းခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ (ပြန်/ဆက်)

ဒူဘိုင်းနှင့် တဲလ်အဗစ်အကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များကို ဒီဇင်ဘာ ၃ ရက်တွင် ပြန်လည်ပြေးဆွဲမည်

ဒူဘိုင်း နိုဝင်ဘာ ၂၇

ဒူဘိုင်းအခြေစိုက် Flydubai လေကြောင်းလိုင်းက ဒူဘိုင်းနှင့် တဲလ်အဗစ်မြို့အကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များကို လာမည့် ဒီဇင်ဘာ ၃ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိတွင် ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တဲလ်အဗစ် မြို့ရှိ ဘန်ဂူရီယွန် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့အကြား ပျံသန်းမည့် လေယာဉ်လက်မှတ်များကို လေကြောင်းလိုင်း၏ ဝန်ဆောင်မှု လမ်းကြောင်းများမှတစ်ဆင့် ကြိုတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်က ဒူဘိုင်းမှ တဲလ်အဗစ်သို့ ပျံသန်းသည့် လေယာဉ်ခရီးစဉ်အမှတ် FZ1073 ပေါ်တွင် တွဲဖက် လေယာဉ်မှူးတစ်ဦးက လေယာဉ်အား အပိုင်စီးရန် ကြိုးပမ်းခဲ့သည့် ဖြစ်စဉ်ပေါ်ပေါက်ခဲ့ပြီးနောက် Flydubai အနေဖြင့် အစ္စရေးနိုင်ငံသို့ ပျံသန်းသည့် ခရီးစဉ်များကို ယာယီရပ်ဆိုင်းခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများအရ အဆိုပါ တွဲဖက်လေယာဉ်မှူးသည် လေယာဉ်အား အပိုင်စီးကာ ဘန်ဂူရီယွန် လေဆိပ်ရှိ ခရီးသည်နားနေဆောင်ကို ပစ်မှတ်ထား၍ အသေခံတိုက်ခိုက်မှု ပြုလုပ်ရန် ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် အခြားလေယာဉ်မှူးတစ်ဦး၊ လေယာဉ်အမှုထမ်းတစ်ဦးနှင့် ခရီးသည်အချို့က ပိုင်းဝန်းတားဆီးနိုင်ခဲ့သဖြင့် အဆိုပါတိုက်ခိုက်မှု အကြံအစည် ပျက်ပြားခဲ့ရပြီး လေယာဉ်ကို ဆော်ဒီအာရေဗျနိုင်ငံ တာဘွတ်ခ်မြို့သို့ လမ်းကြောင်းလွှဲကာ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့သည်။

ဆင်ဟွာ

ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ သဘာဝဘေးအန္တရာယ် ကြိုးမားစွာဖြစ်ပွားပါက မြို့တော်၏လုပ်ငန်းတာဝန်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ဒုတိယမြို့တော်များ သတ်မှတ်ရေးအစီအစဉ် ထုတ်ပြန်

တိုကျို နိုဝင်ဘာ ၂၇

ဂျပန်အစိုးရသည် မြို့တော် တိုကျို၌ ကြီးမားသော သဘာဝ ဘေးအန္တရာယ် ဖြစ်ပွားလာပါက နိုင်ငံတော်မြို့တော်၏ လုပ်ငန်း တာဝန်များကို လွှဲပြောင်းဆောင်ရွက်နိုင်ရန် ဒုတိယမြို့တော်များ သတ်မှတ်ရေးအတွက် အခြေခံ အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ခဲ့ သည်။

လာမည့်နှစ် ဆောင်းဦးရာသီ တွင် စီရင်စုအများအပြားကို ဒုတိယမြို့တော်များ အဖြစ် သတ်မှတ်ရန် စီစဉ်လျက်ရှိ ကြောင်း သိရသည်။

ဂျပန်အစိုးရက အဆိုပါလုပ်ငန်း စဉ်ဆိုင်ရာဥပဒေကို ယနေ့ အတည် ပြုချမှတ်ကာ ထုတ်ပြန်ခဲ့ခြင်းဖြစ် သည်။

အစီအစဉ်အရ ဒုတိယမြို့တော် အဖြစ် သတ်မှတ်ခံရမည့် စီရင်စု များသည် သက်ဆိုင်ရာ စီရင်စု လွှတ်တော်များ၏ အတည်ပြုချက် ရယူပြီးနောက် လာမည့်နှစ် ဇွန်လ မှစ၍ လွှောက်ထားနိုင်မည်ဖြစ် သည်။

အစိုးရအနေဖြင့် လာမည့်နှစ် အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလ ဝန်ကျင်တွင် စီရင်စု အများအပြားကို ဒုတိယမြို့တော် များအဖြစ် သတ်မှတ်ပေးရန် စီစဉ် ထားပြီး အဆိုပါစီရင်စုများသည် ၂၀၃၈ ခုနှစ် ဧပြီလ ဝန်းကျင်မှစ၍ လုပ်ငန်းများ စတင်ဆောင်ရွက်နိုင် မည် ဖြစ်သည်။

ထို့ပြင် ဒေသတစ်ခုချင်းစီ၏ အားသာချက်များကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ များ အကောင်အထည်ဖော်နိုင်ရန် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများနှင့် အခွန်ဆိုင်ရာ အစီအမံများကိုလည်း အစိုးရက မိတ်ဆက်သွားရန် အစီအစဉ်တွင် ဖော်ပြထားသည်။

လွှောက်ထားသည့် စီရင်စုများ အနက် သတ်မှတ်ချက်အားလုံးနှင့် ကိုက်ညီသော စီရင်စုတိုင်းကို ဒုတိယမြို့တော်အဖြစ် သတ်မှတ် ပေးမည်ဖြစ်ကြောင်းလည်း အစီ အစဉ်တွင် ဖော်ပြထားသည်။

လက်ရှိသတ်မှတ်ချက်များအရ ဟော့ကိုင်ဒိုး၊ အိုင်ချီ၊ အိုဆာကာ နှင့် ဖုကူအိုကာ စီရင်စုလေးခုသာ ဒုတိယမြို့တော်အဖြစ် သတ် မှတ်ခံရနိုင်သည့် အခြေအနေ ရှိကြောင်း သိရသည်။ သတ်မှတ် ချက်တစ်ရပ်တွင် စီရင်စုအတွင်းရှိ မြို့နယ်တစ်ခု၏ လူဦးရေသည် ဂျပန်နိုင်ငံတစ်ဝန်းရှိ စုစုပေါင်း လူဦးရေ၏ အနည်းဆုံး ၁ ဒသမ ၂ ရာခိုင်နှုန်းရှိရမည်ဖြစ်ကြောင်း သိရသည်။

အင်နှအိတ်ချ်ကော

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ခံရသူ ၁၂၀၀၀ ကျော်နှင့် သေဆုံးသူ ၅၉၀၀ နီးပါးရှိလာ

ကင်ရှာဆာ နိုဝင်ဘာ ၂၇

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မေလလယ်ပိုင်းက စတင်ဖြစ် ပွားခဲ့သည့် အီဘိုလာရောဂါ ကူးစက်မှုကြောင့် အတည်ပြုလူနာ ၁၂၀၀၀ ကျော်နှင့် သေဆုံးသူ ၅၉၀၀ နီးပါးရှိကြောင်း နိုင်ငံ၏ ကျန်းမာ ရေးအာဏာပိုင်များက ယနေ့ ပြောကြားခဲ့သည်။

အမျိုးသားပြည်သူကျန်းမာရေးအင်စတီကျု၏ ထုတ်ပြန်ချက်အရ နိုဝင်ဘာ ၂၄ ရက်အထိ အတည်ပြုလူနာ ၁၂၀၂၁ ဦးနှင့် သေဆုံးသူ ၅၉၀၄ ဦးရှိပြီး သေဆုံးမှုနှုန်းမှာ ၄၉ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရ သည်။ အဆိုပါကူးစက်ရောဂါသည် ပြည်နယ်ရှစ်ခုရှိ ကျန်းမာရေးဇုန် ၆၉ ခုသို့ ပျံ့နှံ့သက်ရောက်ခဲ့သည်။

အဆိုပါကူးစက်ရောဂါသည် အရေးပေါ်အခြေအနေအဆင့်၌ ဆက်လက်ရှိနေပြီး တုံ့ပြန်ဆောင်ရွက်မှုများ ပိုမိုအရှိန်မြှင့်ရန် လိုအပ် ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က သတိပေးပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ် မေလအထိ ရည်ရွယ်သည့် အဆိုပါအစီအစဉ်၏ နောက်တစ်ဆင့်ကို အကောင်အထည်ဖော်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈ ဘီလီယံခန့် လိုအပ်မည်ဟု ခန့်မှန်း ထားသည်။ ကူးစက်မှု ဆက်လက်ဖြစ်ပွားနေခြင်း၊ သေဆုံးမှုနှုန်း မြင့်မားခြင်း၊ လက်နက်ကိုင်ပဋိပက္ခများ၊ နေရပ်စွန့်ခွာရွှေ့ပြောင်း ရခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မှု အကန့်အသတ်ရှိခြင်း တို့သည် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရေး ကြိုးပမ်းမှုများအတွက် အဟန့်အတားဖြစ်နေကြောင်း သိရသည်။

ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေပေးဝေရေးနှင့် မိလ္လာစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ဒေါ်လာ သန်း ၁၅၀ ချေးငွေ အတည်ပြု

ဒါကာ နိုဝင်ဘာ ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လူဦးရေ လျင်မြန်စွာ တိုးပွားလာသည့် မြို့ရှစ်မြို့တွင် သောက်သုံးလုံခြုံပြီး ယုံကြည်စိတ်ချရသည့် ရေပေးဝေရေး နှင့် မိလ္လာဝန်ဆောင်မှုများ တိုးချဲ့ပေးနိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်က အတိုးနှုန်းသက်သာသော ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကို ယနေ့ အတည်ပြုခဲ့ကြောင်း သိရသည်။

Cluster Towns Water Supply and Sanitation Project ဟု အမည်ပေးထားသည့် အဆိုပါစီမံကိန်းအရ ရေပေးဝေရေးနှင့် မိလ္လာ ဝန်ဆောင်မှုများကို ပေါင်းစပ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး လူဦးရေ ကိုးသိန်းခန့် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပံ့ပိုးမှုဖြင့် ဆောင် ရွက်သည့် Integrated Growth Network Development အစီအစဉ်နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်း မွန်ရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများ အပေါ် ခံနိုင်ရည်ရှိစေရေးနှင့် ဒေသတွင်း ရေရှည်တည်တံ့သော ဖွံ့ဖြိုး တိုးတက်မှုရရှိရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများကို ပံ့ပိုးပေးမည်ဖြစ် သည်။

စီမံကိန်းအရ ရေဖြန့်ဝေရေး ပိုက်လိုင်းကွန်ရက် ကီလိုမီတာ ၁၇၉၀ ခန့် တည်ဆောက်သွားမည်ဖြစ်ပြီး အိမ်ထောင်စုရေပေးဝေရေး ဆက်သွယ်မှု ၆၅၀၀၀ ကို တပ်ဆင်ခြင်း သို့မဟုတ် ပြန်လည်ပြုပြင်ခြင်း အပြင် ရေသုံးစွဲမှုကို တိုင်းတာနိုင်သည့် စမတ်မီတာများ တပ်ဆင်ပေး မည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

ဂျပန်နိုင်ငံ၌ မျိုးသုဉ်းမျိုးစိတ်ဖြစ်သော Northern Rockhopper ပင်ဂွင်းကို သန္ဓေသားအတုနည်းဖြင့် အောင်မြင်စွာ သားပေါက်ဖွားနိုင်ခဲ့

တိုကျို နိုဝင်ဘာ ၂၇

ဂျပန်နိုင်ငံ အနောက်ပိုင်း ဝါကာယာမစီရင်စုရှိ အပန်းဖြေဥယျာဉ် တစ်ခုတွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသော Northern Rockhopper ပင်ဂွင်းမျိုးစိတ်ကို သန္ဓေသားအတုနည်းဖြင့် အောင်မြင်စွာ သားပေါက်ဖွားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါသားပေါက်ဖွားနိုင်ခြင်းသည် ကမ္ဘာပေါ်တွင် ပထမဆုံး အတည်ပြုနိုင်သည့် ဖြစ်ရပ်ဖြစ်ကြောင်း ဥယျာဉ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရှီယာဟာမာမြို့ရှိ Adventure World ဥယျာဉ်၌ ၎င်းပင်ဂွင်းမျိုးစိတ် ပင်ဂွင်းလေးတစ်ကောင်ကို သန္ဓေသားအတုနည်းဖြင့် အောက်တိုဘာ ၂၈ ရက်တွင် မွေးဖွားခဲ့သည်။



ပင်ဂွင်းကလေးသည် ကျန်းမာစွာ ရှင်သန်ကြီးထွားလျက်ရှိပြီး လက်ရှိတွင် အလေးချိန် ၅၆၁၀ ဂရမ်ရှိကာ ဥမှပေါက်ကာစမှ အလေးချိန် ထက် ကိုးဆခန့် တိုးလာကြောင်း အပန်းဖြေဥယျာဉ်မှ တာဝန်ရှိသူတစ်ဦး က ပြောကြားသည်။

Northern Rockhopper ပင်ဂွင်းမျိုးစိတ်သည် ဦးခေါင်းပေါ်တွင် အဝါရောင်အမွေးများရှိသည့် ရှားပါးမျိုးစိတ်အဖြစ် သတ်မှတ်ခံထား ရသည်။

Adventure World ဥယျာဉ်၌ ပင်ဂွင်းမျိုးစိတ် ၁၀ မျိုးမှ အကောင်ရေ ၄၇၀ ခန့် ထိန်းသိမ်းထားပြီး ဂျပန်နိုင်ငံရှိ အဖွဲ့အစည်းများအနက် ပင်ဂွင်းအများဆုံး ထိန်းသိမ်းထားသည့် နေရာဖြစ်သည်။

အဆိုပါဥယျာဉ်သည် ပင်ဂွင်းများ သန္ဓေသားအတုနည်းဖြင့် မျိုးပွားနိုင်ရေးကို ဆောင် ရွက်လျက်ရှိပြီး ယင်းနည်းပညာကို အသုံးပြု၍ မျိုးသုဉ်းလျက်ရှိသော Emperor ပင်ဂွင်းမျိုးစိတ်များကိုလည်း သားပေါက်ဖွားနိုင်ရန် ရည်ရွယ်ထားသည်။

သန္ဓေသားအတုနည်းပညာကို ပိုမိုတိုးတက်အောင် လုပ်ဆောင်ပြီး အောင်မြင်စွာ မျိုးပွားနိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ပင်ဂွင်းများကို တစ်ဆင့်ချင်းစီ ကြိုးစားမွေးမြူသွားလိုကြောင်း အပန်း ဖြေဥယျာဉ်၏ အကြီးအကဲ အီမာဇူ ကိုဂျိက ပြောကြားခဲ့သည်။

အင်နှအိတ်ချ်ကော

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ကိုယ်ပိုင်ထရန်စဖော်မာခုနစ်လုံးသည် ခွင့်ပြုထားသည့်လုပ်ငန်းအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ တရားမဝင်ဓာတ်အားလိုင်းဆွဲပြီး ဆင့်ပွားဓာတ်အားပေးနေသဖြင့် လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၇

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုများကို စောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ကနဦးကွင်းဆင်းစစ်ဆေးချက်များအရ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်မညီသော လျှပ်စစ်ဓာတ်အား ဆင့်ပွား သုံးစွဲနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့ဖြစ်၍ နိုဝင်ဘာ ၂၁ ရက်တွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ ခရိုင်၊ မြို့နယ် ပါဝင်သော ကော်မတီအဖွဲ့ဖြင့် ထပ်မံကွင်းဆင်းစစ်ဆေးခဲ့ရာ ပုသိမ်ကြီးမြို့နယ် အတွင်းရှိ ငြိမ်းချမ်းသာစံကျေးရွာအုပ်စု ဦးပိုင်အမှတ်(၃၁/၁) ကွင်းအမှတ် (၄၄၈-က) ကလိန်တိန် အရှေ့ကွင်း ၃ ဒသမ ၀၆ ဧကတွင် ဦးအောင်ခင်၏ စပါးတလင်းနှင့် စပါးဂိုဒေါင်လုပ်ငန်း၊ ငြိမ်းချမ်း သာစံကျေးရွာအုပ်စု နွယ်နီကျေးရွာ ဦးပိုင်အမှတ်(၅၉၊ ၆၀/၁၊ ၆၀/၂) ကွင်းအမှတ် (၄၄၈) ကလိန်တိန် အနောက်ကွင်း ၄ ဒသမ ၁၈ ဧကတွင် ဒေါ်မြင့်မြင့်ကြည်၏ အလင်းရောင်နှင့် အထွေထွေသုံးလုပ်ငန်း၊ ငြိမ်းချမ်း သာစံကျေးရွာအုပ်စု ဦးပိုင်အမှတ်(၁၇/၁) ကွင်းအမှတ် (၄၄၉-က) ငြိမ်းချမ်းသာစံအနောက်ကွင်း ၃ ဒသမ ၅၄ ဧကတွင် ဦးစိန်အောင်၏ အလင်းရောင်နှင့် အထွေထွေသုံးလုပ်ငန်း၊ ဇီးချိုကုန်းကျေးရွာအုပ်စု ဦးပိုင်အမှတ်(၁) ကွင်းအမှတ် (၄၉၀) ဇီးချိုကုန်းကွင်း ၂ ဒသမ ၇၉ ဧကတွင် ဦးစန်းယုဇ၏ အဆင့်မြင့်ဓိုက်ပျိုးရေးလုပ်ငန်း၊ နန္နာကျေးရွာအုပ်စု ဦးပိုင်အမှတ် (၁၇၂) ကွင်းအမှတ် (၄၅၀) နန္နာတောင်ကျေးရွာ ၂ ဒသမ ၁ ဧကတွင် ဒေါ်တူးမာ၏ သီးနှံဂိုဒေါင်နှင့် ဓာတ်မြေဩဇာအရောင်းဆိုင် လုပ်ငန်း၊ ရွှေကျင်ကွက်သစ်ကျေးရွာ ဦးပိုင်အမှတ်(၁၂၉) ကွင်းအမှတ် (၄၅၀) သုည ဒသမ ၉၈ ဧကတွင် ဦးနေဝင်းနိုင်(ခ) ဦးဇော်လတ်၏ အလင်းရောင်နှင့် အထွေထွေသုံးလုပ်ငန်း၊ နန်းဦးလွင်ကျေးရွာအုပ်စု ဦးပိုင်အမှတ်(၁၈) ကွင်းအမှတ်(၅၁၂) ကန်ကောက်ကန်တွင်းကွင်း ၂



ဒေါ်မြင့်မြင့်ကြည်၏ 11/0.4 kV (160) kVA ထရန်စဖော်မာမှ ဆင့်ပွားဓာတ်အားပေးထားသည့် နေအိမ်များကို တွေ့ရစဉ်။



ဒေါ်မြင့်မြင့်ကြည်၏ 11/0.4 kV(160)kVA ထရန်စဖော်မာအား ဓာတ်အားဖြတ်တောက်နေသည်ကို တွေ့ရစဉ်။

ဒသမ ၀၀ ဧကတွင် ဦးစိုးလင်း၏ အထည်ချုပ်စက်ရုံလုပ်ငန်း စုစုပေါင်း လုပ်ငန်းခုနစ်ခုတို့၏ ပုဂ္ဂလိကထရန်စဖော်မာ ခုနစ်လုံးတို့သည် ခွင့်ပြုမိန့် တွင် မပါသည့် ၄၀၀ ဖိုအား ဓာတ်အားလိုင်းများအား တိုးချဲ့တည်ဆောက် သွယ်တန်း၍ ပြင်ပ Sub Meter များဖြင့် တရားမဝင် ဓာတ်အားခိုးယူ သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါပုဂ္ဂလိက ထရန် စဖော်မာခုနစ်လုံးကို လျှပ်စစ်ဓာတ်အားဖြတ်တောက်ထားရှိပြီး လျှပ်စစ် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာအဆင့်မြှင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူ သုံးစွဲမှုများ ပိုမိုဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ပြည်သူများအား ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ် သည့်အတွက် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို စည်းကမ်း တကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင် ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာ ထားကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသား/အမျိုးသမီးများကို ကမ္ဘောဒီးယားနိုင်ငံရှိ Online Scams လုပ်ငန်းတွင် လုပ်ကိုင်ရန် ပို့ဆောင်ခဲ့ပြီး လုပ်ခလစာများကို ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ်၂၀ချမှတ်

နေပြည်တော် နိုဝင်ဘာ ၂၇

အမျိုးသား/အမျိုးသမီးများကို ကမ္ဘောဒီးယားနိုင်ငံရှိ Online Scams လုပ်ငန်းတွင် လုပ်ကိုင်ရန် ပို့ဆောင်ခဲ့ပြီး လုပ်ခလစာများကို ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ်၂၀ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ အမျိုးသား တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်နေ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်းလေးဦးတို့ကို ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်နေ ထက်ဝေယံက လူမှု ကွန်ရက် Telegram မှတစ်ဆင့် ဆက်သွယ်၍ ကမ္ဘောဒီးယားနိုင်ငံရှိ Online Scams လုပ်ငန်း တွင် လူလိုနေပြီး တစ်လလျှင် အမေရိကန်ဒေါ်လာ ၈၀၀ ရရှိမည်၊ ကွန်ပျူတာ၊ ဖုန်းများ အသုံးပြု၍ လုပ်ကိုင်ရမည်ဟု ပြောဆိုစည်းရုံးပြီး ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါ့ဒြို့ရှိ တရုတ် နိုင်ငံသားပိုင်ဆိုင်သည့် အလုပ်ရုံသို့ ပို့ဆောင် ပေးကြောင်း။

အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကို တစ်လခွဲခန့် လုပ်ကိုင်ခဲ့ပြီး လုပ်ခလစာ အမေရိကန်ဒေါ်လာ ၁၂၀၀ ရရှိမည်ဖြစ်သော်လည်း ၇၀၀ စီသာ ရရှိသဖြင့် မေးမြန်းခဲ့ရာ ၎င်းတို့၏ လစာများအနက်မှ တစ်ဦးလျှင် ဒေါ်လာ ၅၀၀ နှုန်းဖြင့် ထက်ဝေယံက ခေါင်းပုံဖြတ်ထုတ်ယူ သွားကြောင်း စိစစ်သိရှိရသဖြင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့မရဲစခန်း(ပ)၂၂၅/၂၀၂၆၊ လူကုန် ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၃၆ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ တရားခံ ထက်ဝေယံအား လူကုန်ကူးမှု တားဆီးနှိမ်နင်း ရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် တစ်ဆယ်နှစ်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်း ရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် တစ်ဆယ်နှစ် (တစ်ပေါင်းတည်း) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့



တာချီလိတ်မြို့နယ် ဝမ်ကောင်းရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်သူ တရားမဝင် ထိုင်းနိုင်ငံသားများအပါအဝင် ၃၅ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများလုံးဝ အခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင်ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ဝမ်ကောင်းရပ်ကွက် ကုန်းကော်လမ်းရှိ အိမ်အမှတ် (၀၈၈-၉/၅၀၆)၌ တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၁၃ ဦး နှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၆ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ရာတွင် အသုံးပြုသည့် All in One ကွန်ပျူတာ ၃၂ လုံး၊ System Box နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်ရာ အဆိုပါပတ်ဝန်းကျင်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေသူ မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ကိုးဦးတို့ကို All in One ကွန်ပျူတာ ၁၁ လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

စိစစ် မေးမြန်းချက်များအရ ဖမ်းဆီးရမိသူ ထိုင်းနိုင်ငံသားများသည် အွန်လိုင်းဂိမ်းတစ်ခုတွင် ကွန်ပျူတာနှင့် ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာ အလုပ်များ လုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာကြပြီး ယခုနေရာသို့ ရောက်ရှိနေထိုင်စဉ်တွင် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ကြောင်း၊ ဖမ်းဆီးခံရသူ မြန်မာနိုင်ငံသား များသည် တာချီလိတ်မြို့တွင် အလုပ်လုပ်ကိုင်ရန် အွန်လိုင်းမှတစ်ဆင့် ရင်းနှီးသူတစ်ဦးနှင့် ချိတ်ဆက်မိပြီး နိုဝင်ဘာ ၂၀ ရက်မှ စတင်၍ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ကိုင်နေကြသူများ ဖြစ်ကြောင်း၊ ၎င်းတို့သည် လူမှုကွန်ရက်များမှတစ်ဆင့် အမျိုးသားပစ်မှတ်များကို ရှာဖွေ၍ အမျိုးသမီးများအဖြစ် ဟန်ဆောင်ပြောဆိုကြကာ ချစ်သူအဆင့် ရောက်ရှိအောင်ကြိုးစားကြကြောင်း၊ ထို့နောက် ပစ်မှတ်နှင့် မဖွယ်မရာစကားများ ပြောဆိုကြပြီး ပစ်မှတ်၏ မဖွယ်မရာပုံများနှင့် ဗီဒီယိုများကိုပါ တောင်းယူကြကြောင်း၊ ယင်းနောက် အဆိုပါပြောဆိုခဲ့သည့် အကြောင်းအရာ မှတ်တမ်းများ၊ ဓာတ်ပုံများနှင့် ဗီဒီယိုများကို ပြသခြိမ်းခြောက်ကာ ငွေကြေးများ တောင်းခံကြရကြောင်း၊ ပစ်မှတ်က ငွေကြေးပေးပို့မည်ဆိုပါက ခေါင်းဆောင်ထံသို့ အသိပေး အကြောင်းကြားရပြီး ခေါင်းဆောင်ဖြစ်သူက ပေးပို့သောငွေကြေးလက်ခံသည့် Scan တစ်ခုကို ပစ်မှတ်ထံသို့ ပေးပို့ရကြောင်း၊ ၎င်းတို့သည် အခြေခံလစာအနေဖြင့် သီးသန့်ရရှိခြင်းမရှိဘဲ လိမ်လည်ရာတွင် ရရှိလာသည့် ငွေကြေး၏ ၁၈ ရာခိုင်နှုန်းကို ခွဲဝေရရှိကြကြောင်း သိရှိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ကုန်းကော်လမ်းရှိ နေအိမ်အတွင်း၌တွေ့ရှိရသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။



ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသားများ၏ မှတ်တမ်းဓာတ်ပုံ။





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ကုန်းကော်လမ်းရှိ အိမ်အမှတ် (၀၈၈-၉/၅၀၆) ၌ တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၃ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်သည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ကုန်းကော်လမ်းရှိ နေအိမ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး တစ်ဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးကိုလည်း စနစ်တကျဆက်လက် ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

၁၀၀

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့မှ အဖွဲ့ဝင် ၂၈ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံ



နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ PDF အဖွဲ့မှ အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၈ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာတိုင်းမှူးဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရာရှိစစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မှ အမျိုးသား သုံးဦး၊ အုတ်ဖိုမြို့မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး နှစ်ဦး၊ တောင်ငူမြို့မှ အမျိုးသား တစ်ဦး၊ ဖြူးမြို့မှ အမျိုးသား တစ်ဦး၊ ရေတာရှည်မြို့မှ အမျိုးသား လေးဦး၊ ပေါင်းတည်မြို့မှ အမျိုးသား တစ်ဦး၊ ထန်းတပင်မြို့မှ အမျိုးသား သုံးဦး စုစုပေါင်း ၂၈ ဦးတို့သည် ၎င်းတို့နှင့် အတူပါရှိလာသည့် AK-47 သေနတ် တစ်လက်၊ M4 သေနတ် တစ်လက်၊ အမ်အေ-၂ သေနတ် တစ်လက်၊ အမ်အေ-၁၁ သေနတ် တစ်လက်၊ လက်လုပ်သေနတ် နှစ်လက်၊ လက်ပစ်ဗုံး ငါးလုံး၊ ကျည်အိမ် ၁၃ ခု၊ ကျည်မျိုးစုံ အတောင့် ၂၃၀၊ ရှေ့ထွက်မိုင်း တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် လေးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၀၊ လက်လုပ်သေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံး ငါးလုံးအတွက် ဆုကြေးငွေကျပ် ၁၅ သိန်း၊ ရှေ့ထွက်မိုင်း တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ ၂၈ ဦး အတွက် ဆုကြေးငွေကျပ် ၂၈ သိန်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ ကိုယ်စား ကိုယ်စားလှယ် တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ ပင် အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျ ဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ အတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပေဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



အလင်းဝင်(၁)

အမေနဲ့ စိတ်ဆိုးပြီးတော့ လိုက်သွားဖြစ်တာ အိမ်လည်း မပြန်ရဲတော့တာနဲ့ အဲဒီထဲပဲ ဝင်လိုက်တော့မယ်ဆိုပြီး ဝင်လိုက်တာနံနက် မိုးလင်းလာရင် ဖက်ထိပ်လုပ်ရတယ်၊ သန့်ရှင်းရေးလုပ်ရတယ်၊ ထမင်းချက်ရတယ်၊ မိန်းကလေးက မရှိဘူး။ လေးယောက်ထဲ နှစ်ယောက်က အချုပ်ကျနေတာ ထွက်ပြေးလို့ ပြန်မိသွားတာ။ သူတို့တွေက အပြစ်မရှိဘဲ အပြစ်ရှာပြီးတော့ ရိုက်တယ်၊ ပြောတယ်၊ ဆိုတယ်၊ ဆူတယ်၊ ဘယ်လိုမှမခံနိုင်တာနဲ့ သူငယ်ချင်း နှစ်ယောက်တိုင်ပင်ပြီးတော့ ဒီထဲကိုဝင်လာတာ။ မင်းတို့ထွက်ပြေးလို့ အလင်းဝင်ရင် မင်းတို့မိဘတွေကို သတ်ပစ်မယ်တဲ့ အဲဒီလို ခြိမ်းခြောက်တော့ ကျွန်မတို့က ကြောက်တာပေါ့။ မိဘတွေနဲ့ ဝေးနေရတဲ့အချိန်ကြိတ်ပြီးတော့ ငိုရတယ်။ အပြင်ထုတ်ပြီးတော့လည်း ငိုခွင့်မရှိဘူးလေ။ အခုလို ပြန်လာရတာတော့ အရမ်းပျော်တယ်။ သူငယ်ချင်းတွေလည်းအများကြီး ကျန်ခဲ့တယ်။ အဖွဲ့ထဲမှာ သူငယ်ချင်းတွေကို ကျွန်မတို့လိုပဲ အေးအေးချမ်းချမ်းနေစေချင်တယ်။ အဲဒါကြောင့်မို့ ဒီထဲကိုလာခဲ့ပါလို့ ပြောချင်ပါတယ်။



အလင်းဝင်(၂)

အချင်းချင်းနေရာတွေကို ယူချင်တဲ့စိတ်တွေက များနေတော့ ဒါတွေက ပဋိပက္ခတွေ သူတို့ အချင်းချင်းဖြစ်နေတဲ့ အတွက်ကြောင့် စည်းရုံးလည်း မအောင်နိုင်ဘူး။ အဲဒါကြောင့် ကျွန်တော်လည်း မနေတာဘဲကောင်းတယ်ဆိုပြီးတော့ ဒီဘက်ကို အလင်းဝင်လာတာပါ။ ပထမက ကျွန်တော်လည်း လိုင်းပေါ်တွေမှာ ကြည့်တာပေါ့။ သတင်းအမှားတွေ လွှင့်တာ။ အလင်းဝင်ရင်မင်းတို့ ကောင်တွေကို သတ်မှာ။ လက်သည်းခွာမှာတွေ ခြိမ်းခြောက်တာပေါ့။ နောက်ပိုင်းသတင်းက လှမ်းကြားတာ မင်းတို့သေသွားပြီတဲ့ အဲဒီလို သတင်းလွှင့်တယ်။ ကျန်နေတဲ့ သူငယ်ချင်းတွေအားလုံးကို အလင်းဝင်စေချင်တယ်။ ကိုယ့်မိသားစုနဲ့လည်း နွေးနွေးထွေးထွေး ပြန်နေရမယ်။ ကောင်းကောင်းမွန်မွန်နဲ့ လုပ်ကိုင် စားသောက်ရမယ်။ နွေးထွေးစွာနဲ့ အကုန်လုံးကြိုဆိုတဲ့အတွက်ကြောင့်လည်း အများကြီး ကျေးဇူးတင်တယ်။ လက်နက်ချ အလင်းဝင်ပြီးတော့ အကုန်လုံး ပေါင်းစည်းလိုက်ကြမယ်ဆိုရင်ပိုပြီးတော့ ကောင်းမယ်လို့ထင်တယ်။ အဲဒါမှလည်း အကုန်လုံး ငြိမ်းချမ်းကြမယ်လို့ထင်တယ်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	တားခံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လှိုင်ကော်	ဟားခါး
92 Ron	၃၅၆၅	၃၇၂၀	၃၆၇၀	၃၅၈၀	၃၇၂၅	၃၇၄၀	၃၇၇၅	၃၆၅၀	၄၀၂၀	၄၀၅၀	၃၆၇၀	၃၈၀၀	၃၇၆၅	၃၇၂၀	၃၇၃၀	၃၉၆၀
95 Ron	၃၆၄၀	၃၇၉၅	၃၇၄၅	၃၆၅၅	၃၈၀၀	၃၈၁၅	၃၈၅၀	၃၇၂၅	၄၀၉၅	၄၁၂၅	၃၇၅၀	၃၈၈၀	၃၈၄၀	၃၇၉၅	၃၈၀၅	၄၀၃၅
HSD (500 ppm)	၃၉၂၀	၄၀၆၅	၄၀၂၀	၃၉၃၅	၄၀၇၀	၄၀၈၅	၄၁၁၅	၄၀၀၀	-	၄၃၈၀	၄၀၂၀	၄၆၂၀	၄၁၀၅	၄၀၆၅	၄၀၇၅	၄၂၉၅
HSD (50 ppm)	၄၇၅၀	၄၉၀၅	၄၈၅၅	၄၇၆၅	၄၉၀၅	၄၉၂၀	၄၉၅၅	၄၈၃၅	၅၂၀၀	၅၂၃၀	၄၈၅၅	၅၀၅၅	၄၉၄၅	၄၉၀၅	၄၉၁၅	၅၁၄၅
HSD (10 ppm)	၄၇၅၀	၄၉၀၅	၄၈၅၅	၄၇၆၅	၄၉၀၅	၄၉၂၀	၄၉၅၅	၄၈၃၅		၅၂၃၀	၄၈၅၅	၅၀၅၅	၄၉၄၅	၄၉၀၅	၄၉၁၅	၅၁၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၃၇၃	၃၄၇၄
95 Ron	၃၄၄၆	၃၅၄၈
HSD (500 ppm)	၃၇၂၇	၃၈၃၁
HSD (50 ppm)	၄၅၁၇	၄၆၃၇
HSD (10 ppm)	၄၅၁၇	၄၆၃၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံသား တိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများ အလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) မှသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈)မှ သင်တန်းသားများကို ကြံ့ခိုင်ရေး ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

အင်တာဗျူး(၁)

ကျွန်တော် ဝင်ရောက်လာတဲ့ ရည်ရွယ်ချက်ကတော့ တိုင်းပြည်နဲ့ လူမျိုးကို ကာကွယ်စောင့်ရှောက်ချင်တဲ့အတွက် ကိုယ့်ဆန္ဒနဲ့ကိုယ် ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်ရရှိတဲ့ ဆုကတော့ ချေမှုန်းရေးအကောင်းဆုံး ဆုဖြစ်ပါတယ်။ ကျွန်တော်တို့ သင်တန်းသားတွေ စည်းလုံးမှုရမှာပါ။ ကိုယ်စီအားလုံးဆိုတာ အစုလိုက် အဖွဲ့လိုက် စုဖွဲ့ပြီးမှ ညီညီညွတ်ညွတ်နဲ့ လုပ်ရတဲ့ လုပ်ဆောင်ချက် ဖြစ်တဲ့အတွက် အကုန်လုံး စည်းလုံးပြီးမှ ဒီဆုကို ကျွန်တော်ရရှိခဲ့ပါတယ်။ အရပ်သားဘဝနဲ့ စစ်သားဘဝ ကွာခြားချက်ကတော့ စောစောထရတာတွေ၊ အိပ်ရာခင်းတွေ စည်းစနစ်တကျခေါက်ရတာတွေ၊ လေ့ကျင့်ခန်းတွေ စည်းစနစ်တကျ လုပ်ရတာတွေ၊ မနက်စောစောစီးစီး PT ပြေးရတာတွေ၊ ဆရာတွေ ခိုင်းတာတွေ တစ်သဝေမတိမ်း လိုက်နာရပါတယ်။ သင်တန်းဆင်းသွားပြီဆိုတော့ နိုင်ငံတော်အတွက် ကိုယ့်ဘက်ကနေ တတ်စွမ်းသလောက် ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်။ ပြည်သူ့စစ်မှုထမ်းဆိုတာ နိုင်ငံသားတိုင်း တာဝန်ရှိတဲ့အတွက် မကြောက်မရွံ့ မပျက်မကွက်ဘဲ လာရောက်ထမ်းဆောင်ကြဖို့ ဖိတ်ခေါ်ပါတယ်။

အင်တာဗျူး(၂)

ကျွန်တော့် တပ်စိတ်အနေနဲ့ ဒီသင်တန်းမှာ ချေမှုန်းရေးအကောင်းဆုံးဆုကို ရရှိခဲ့ပါတယ်။ အဖွဲ့အစည်းစိတ်ဓာတ်နဲ့ အခြားစိတ်ဓာတ်တွေ အကောင်းဆုံးကျော်ဖြတ်ပြီးတော့ ကြိုးစားခဲ့ရပါတယ်။ အပြင်နဲ့မတူတဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။ အိမ်မှာ နေတုန်းကဆိုရင်တော့ ထမင်းဆိုလည်း ကြိုက်တဲ့အချိန်မှာစားတယ်။ ဒီမှာတော့ စည်းနဲ့ကမ်းနဲ့ အရာအားလုံးကို စည်းစနစ်တကျနဲ့သွားတဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။ သူငယ်ချင်းတွေနဲ့ အမှတ်တရတော့ အများကြီးရှိပါတယ်။ သင်တန်းတက်တဲ့ ကာလကနေစပြီးတော့ အတူသွား အတူလာပြီး အတူစားခဲ့တာ အကုန်လုံး ညီအစ်ကိုလိုပဲ ပေါင်းသင်းခဲ့တဲ့ သူငယ်ချင်းတွေ ဖြစ်တဲ့အတွက် သူငယ်ချင်းလိုတော့ မဟုတ်တော့ပါဘူး။ ညီအစ်ကိုတွေ ဖြစ်သွားပြီ။ ကျွန်တော် အခုသင်တန်းကာလပြီးဆုံးသွားပြီဆိုတော့ တာဝန်ကျတဲ့ မိခင်တပ်ရင်းရောက်ရင်တော့ သင်တန်းက သင်ကြားပေးလိုက်တဲ့အသိပညာ၊ အတတ်ပညာတွေကို အကောင်းဆုံး အသုံးချပြီး စစ်သားကောင်း တစ်ယောက်ပြီးသစွာနဲ့ နေထိုင်ပြီး တာဝန်ထမ်းဆောင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေကိုလည်း လိုက်နာပြီး နိုင်ငံ့တာဝန်ကျေပွန်အောင် ထမ်းဆောင်ဖို့အတွက် နောင်လာမယ့် ညီအစ်ကိုတွေကိုလည်း မှာကြားလိုပါတယ်။

သတင်းစဉ်





အင်တာဗျူး(၁)



အင်တာဗျူး(၂)

တာမွေမြို့နယ်၌ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို အဆိုပါအသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးက လူသားတစ်ဦးချင်း၏ အခွင့်အရေးနှင့် တာဝန်များ၊ မူးယစ်ဆေးဝါး သုံးစွဲသူများ ပြန်လည် ထူထောင်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်တို့နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)



ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များအား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးနှင့် အရံစေတီတော် ၁၁၇ ဆူတို့အား ဘက်စုံရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့က စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ အောင်မွန်ရုံ၌ ကျင်းပသည်။

ဦးစွာ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရေးဦးစီးကော်မတီဝင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဦးစီးကော်မတီအဖွဲ့ဝင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြရာ လုပ်ငန်းကော်မတီဝင်များက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် တင်ပြကြခဲ့ကြကြောင်း သိရသည်။**ဝေယံ(မရမ်းကုန်း)**

မျိုးကောင်းမျိုးသန့် မြေပဲမျိုးစေ့များ ပေးအပ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် နေကြာစိုက်ပျိုးမှု နည်းပညာသရုပ်ပြပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထွက်နှုန်းမြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့် မြေပဲမျိုးစေ့များ ပေးအပ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် နေကြာစိုက်ပျိုးမှု နည်းပညာသရုပ်ပြပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် စစ်ပင်ကွင်း ကျေးရွာရှိ ပညာပေးစင်တာ၌ ကျင်းပသည်။



သရုပ်ပြပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်မျိုးအောင်တို့က အမှာစကားပြောကြားပြီး ပန်းတိုင်အထွက်နှုန်း ကျော်လွန်သည့် မြေပဲစိုက်တောင်သူများအား မြေပဲမျိုးစေ့များ ပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာအုပ်စုတောင်သူများကိုယ်စား ကျေးရွာအုပ်စုတာဝန်ရှိသူများက လက်ခံရယူကြသည်။

မြေပဲမျိုးစေ့များ ပေးအပ်ရာတွင် စိုက်ပျိုးဧက ၅၀ အတွက် မြေပဲစိုက်တောင်သူ ၂၇ ဦးအား မျိုးကောင်းမျိုးသန့် မြေပဲမျိုးစေ့များကို မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြေပဲစိုက်သည့် တောင်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆီထွက်သီးနှံ ၏ ကောင်းမွန်သော စိုက်ပျိုးနည်းစနစ်(GAP) အကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ချကိရိယာဖြင့် နေကြာစိုက်ပျိုးမှု နည်းပညာသရုပ်ပြစိုက်ပျိုးနေမှုကို တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဟိုပုံးမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ဟိုပုံး နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ သစ်တောများထိန်းသိမ်းကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သစ်တောလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် အယ်လ်နီညိုဖြစ်စဉ်နှင့် လူထုကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက သစ်တောများထိန်းသိမ်းကာကွယ်ခြင်း၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မင်းလှမြို့နယ်၌ ဆောင်းသီးနှံများအချိန်မီစိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေး

မင်းလှ နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လက်ဆက်ကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ခုနှစ် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မိုးစပါးအပြီး သီးထပ်အဖြစ် ဆောင်းသီးနှံစိုက်ကွင်းများ မြေပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့ဆောင်ရွက်ရာတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(ပြည်)၊ သာယာဝတီခရိုင် စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက တောင်သူ ဦးဝင်းကြိုင်ပါ ၁၁ ဦးတို့၏ မိုးစပါးအပြီး သီးထပ်အဖြစ် ဆောင်းသီးနှံ မတ်ပဲ၊ ပဲတီစိမ်းစိုက်ပျိုးမည့် ၇၈ ဧက၌ စိုက်ကွင်း မြေပြုပြင်စိုက်ပျိုးနေမှုများကိုကြည့်ရှု၍ မတ်ပဲသီးနှံ ပန်းတိုင် အထွက်နှုန်းပြည့်မီ ကျော်လွန်စွာ ထွက်ရှိနိုင်ရေးအတွက်အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးရန်၊ မျိုးစေ့ကို မန်ကိုဇက်/မက်တလဇီပါဝင်သော မှိုသတ်ဆေးများဖြင့် လူးနယ်စိုက်ပျိုးကြရန်၊ အတန်းလိုက်စိုက်စနစ်များ လိုက်နာကျင့်သုံးစိုက်ပျိုးကြရန်၊ သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတုဓာတ်ကြွင်းကင်းစင်ရေးအတွက် ဓာတုပိုးသတ်ဆေးများ စနစ်တကျ ကိုင်တွယ်သုံးစွဲရန်၊ စားသုံးဆီဖူလုံပိုလျှံရေးနှင့်တိရစ္ဆာန်စာထုတ်လုပ်ရရှိနိုင်ရေးအတွက် ဆီထွက်ပဲပုပ်များတိုးချဲ့စိုက်ပျိုးရန် တို့ကို ပြောကြားပြီး TBL-9 မတ်ပဲမျိုးစေ့ကီလိုထုပ်များကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၇

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသခြင်းကို နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဟောပြောပွဲများကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကလေးများလုပ်သော အလုပ်နှင့် ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံယူပိုင်ခွင့်၊ အကြမ်းဖက်မှုနှင့်ခေါင်းပုံဖြတ် အမြတ်ထုတ်မှုတို့မှ အကာအကွယ်ပေးပိုင်ခွင့်၊ အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ မူဝါဒများနှင့် မြန်မာနိုင်ငံရှိ ကလေးသူငယ်နှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



တန့်ယန်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ကျင်းပ

တန့်ယန်း နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတု အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုရာသီဥတုကြောင့်ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်တက်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း၊ စိုက်ပျိုးရေ ထိခိုက်လာနိုင်ခြင်း၊ ကျန်းမာရေးဆိုင်ရာများကြောင့် ရေကိုချွေတာသုံးစွဲခြင်း၊ အပူဒဏ်ကာကွယ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်းတို့ကို ဆွေးနွေးဟောပြော၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မင်းလွင်ဦး(တန့်ယန်း)

ဇီးကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

ဇီးကုန်း နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာသစ် ရွေးချယ်တင်မြှောက်ခြင်းကို နိုဝင်ဘာ၂၆ ရက်တွင် မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့တိုင်းဒေသကြီးအဆင့်ဖွဲ့စည်းရေး ကော်မတီဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး တက်ရောက်ပြီး သမဝါယမအသင်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ တက်ရောက်လာသော အသင်းဝင်ကိုယ်စား လှယ်များ၏ အဆိုပြုထောက်ခံချက်ဖြင့်အမှုဆောင် ဒါရိုက်တာ ၁၁ ဦး၊ စာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





အများပြည်သူပိုင်လုပ်ငန်းအစုအဖွဲ့က ၂၃ နှစ်တာကာလအတွင်း နိုင်ငံတော်သို့ ငွေကျပ် ၄ ဒသမ ၅ ဘီလီယံ အခွန်ဆောင်ထားနိုင်

ရန်ကုန် နိုဝင်ဘာ ၂၇



အများပြည်သူပိုင်လုပ်ငန်းအစုအဖွဲ့အဖြစ်လုပ်ကိုင်ရင်း (၂၀၂၅-၂၀၂၆)ဘဏ္ဍာနှစ်အထိ ၂၃ နှစ်တာကာလအတွင်း နိုင်ငံတော်သို့ အခွန်ငွေကျပ် ၄ ဒသမ ၅ ဘီလီယံ ပေးသွင်းထားပြီး ဖြစ်ကြောင်း အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက်ဥက္ကဋ္ဌ ဦးရွှေကြိုင်က ပြောသည်။

ရန်ကုန်မြို့ သဃ်ိန်းကျွန်းမြို့နယ် သံသုမာလမ်းရှိမြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သော (၂၈)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက်တွင် ဆောက်လုပ်ရေး လုပ်ငန်းရှင်၊ စက်မှုလုပ်ငန်းရှင်၊ ကုန်သည်၊ စစ်မှုထမ်း၊ နိုင်ငံဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ အငြိမ်စား၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ဥပဒေ၊ ကျောင်းသား ကျောင်းသူ၊ ပြည်သူ စသည့် လူတန်းစား အလွှာအသီးသီးမှ အစုရှယ်ယာရှင်များအဖြစ် ပါဝင်နေကြကြောင်း သိရသည်။ **ကိုထက်**

သထုံမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

သထုံ နိုဝင်ဘာ ၂၇

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဆင်ဖြူကျွန်းကျေးရွာ သာသနာ့ဝိသုဒ္ဓိကာရီကျောင်းတိုက်ခမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ သထုံမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ နယ်မြေအေးချမ်းသာယာရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့က မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ကျိုက်ထိုမြို့နယ်၌ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းစျေးဖြင့် ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး



ကျိုက်ထို နိုဝင်ဘာ ၂၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ပြည်သူများ အခြေခံစားသောက်ကုန်ဖြစ်သည့် စားအုန်းဆီများကို သက်သာသောစျေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် သက်ဆိုင်ရာမှ ဖြန့်ဝေပေးထားသော စားအုန်းဆီများကို စျေးကွက်အတွင်း သတ်မှတ်ရည်ညွှန်းစျေးအတိုင်း ရောင်းချခြင်း ရှိ/မရှိကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံနှင့် စားအုန်းဆီကွင်းဆင်းစစ်ဆေးရေး ပူးပေါင်းအဖွဲ့သည် ကျိုက်ထိုမြို့နယ်အတွင်းရှိ သတ်မှတ်ရည်ညွှန်းစျေးအတိုင်း ပြည်သူများသို့ စားအုန်းဆီဖြန့်ဖြူးရောင်းချလျက်ရှိသော နေရာများကို သွားရောက်ကာ စားအုန်းဆီ ကွင်းဆင်းစစ်ဆေးရာတွင် မှန်(၆) မှန်ဖြစ်သည့် နိုင်ငံတော်က ခွဲတမ်းဖြင့် ချထားပေးသော စားအုန်းဆီများကို ပြည်သူများထံ ပြန်လည်ရောင်းချရာတွင် သတ်မှတ်ရည်ညွှန်းစျေးနှုန်းဖြင့် မှန်ကန်စွာ ရောင်းချခြင်း ရှိ/မရှိ၊ အလေးချိန်မှန်ကန်စွာ ရောင်းချခြင်း ရှိ/မရှိ၊ အရည်အသွေးပြည့်ဝမှန်ကန်စွာရောင်းချခြင်း ရှိ/မရှိ၊ နေရာအချိန်တိကျမှန်ကန်စွာ ရောင်းချခြင်းရှိ/မရှိနှင့် ပြည်သူများထံသို့ အမှန်တကယ်ရောင်းချခြင်း ရှိ/ မရှိ စစ်ဆေးပြီး ပြည်သူများအား ရောင်းချရာတွင်လည်း သန်းခေါင်စာရင်း၊ ဆီထုတ်ယူရေး စာအုပ်စနစ်များဖြင့် ရောင်းချပေးနေခြင်း ရှိ/မရှိကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**

ဟင်္သာတမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကွင်းဆင်းစစ်ဆေး

ဟင်္သာတ နိုဝင်ဘာ ၂၇

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် တလုတ်ကုန်းအရှေ့ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၆ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ အလျား ၂၇၃ ပေ၊ အကျယ် ၁၀ ပေ၊ ဒု ၆ လက်မ လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ဗျာပုံမြို့နယ်၌ ရေသန့်စက်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ဗျာပုံ နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်း ဒေသကြီး ဗျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရှမ်းကွင်း ခေတ်မီစံပြကျေးရွာ၌ ရေသန့်စက်နှင့် ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၆ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဗျာပုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရှမ်းကွင်း ခေတ်မီစံပြကျေးရွာ၌ ရေသန့်စက်နှင့် ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီးဖြစ်သဖြင့် ကျေးရွာရှိ အိမ်ခြေ ၃၅၁ အိမ်နှင့် လူဦးရေ ၁၆၁၂ ဦးတို့အတွက် ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **တေဇာလင်း**

တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေးအတွက် အားကစားကွင်း၊ အားကစားရုံများ အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားအဆင့်အတန်း ပိုမိုတိုးတက် မြင့်မားလာစေရေး အတွက် အားကစားကွင်း၊ အားကစားရုံများအား အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိရာ တနသာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိမြို့မအားကစားကွင်း အဆင့်မြှင့်တင်နေမှုပွဲကြည့် စင်တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေကို ယနေ့ နံနက်ပိုင်းတွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူသည် တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး အရည်အသွေးပြည့်မီ ကောင်းမွန်စေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။



ထို့နောက်မြိတ်ခရိုင်အားကစားခန်းမကြီးခိုင်မှု အခြေအနေနှင့် အားကစားခန်းမ အတွင်းကရာတေး အားကစားသမားများနှင့် လက်ငွေအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အားကစားရုံ ရေရှည်တည်တံ့စေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပုံမှန်ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကာ အားကစားအဖွဲ့များ အတွက် ထောက်ပံ့ငွေနှင့် အင်အားဖြည့်အချို့ရည်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

M-League II ကလပ် VUE နေပြည်တော်အသင်း ပေါင်းလောင်းကွင်းကို အိမ်ကွင်းလက်ခံကျင်းပမည်ဖြစ်ပြီး Junior Lions အသင်းနှင့်ပွဲတွင် စတင်အသုံးပြုမည်



ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိဂ်ကော်မတီတို့က ကြီးမှူး၍ Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၂၆–၂၀၂၇ ရာသီ Grand Royal M-League II ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော VUE နေပြည်တော်အသင်းသည် အိမ်ကွင်းအဖြစ် နေပြည်တော်ရှိ ပေါင်းလောင်းကွင်းကို အသုံးပြုမည်ဖြစ်သည်။

VUE နေပြည်တော်အသင်းသည် မြန်မာလိဂ်သမိုင်းတစ်လျှောက် ပထမဆုံးအိမ်ကွင်းလက်ခံကျင်းပသည့် လိဂ်–၂ ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး နေပြည်တော်နှင့်အနီးတစ်ဝိုက်မြို့များမှ ပရိသတ်များလည်း မြန်မာလိဂ်–၂ ပွဲစဉ်များကို ကွင်းထဲအရောက် လာရောက်အားပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် M-League II ပွဲစဉ်များကို ရန်ကုန်မြို့ ပြင်ပတွင် ပထမဆုံးကျင်းပနိုင်ခြင်းမှာလည်း ပြိုင်ပွဲ၏ စိတ်ဝင်စားဖွယ် အပြောင်းအလဲဖြစ်လာနိုင်သည်။

VUE နေပြည်တော်အသင်းသည် ပထမအကျော့လက်ကျန်သုံးပွဲ စလုံးကို အိမ်ကွင်းလက်ခံစားရမည်ဖြစ်ပြီး နိုဝင်ဘာ ၂၉ ရက်တွင် Junior Lions အသင်း၊ ဒီဇင်ဘာ ၆ ရက်တွင် Elite Kings အသင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် Enjoy Brother အသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး ပေါင်းလောင်းကွင်း၌ မွန်းလွဲ ၃ နာရီခွဲတွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပေါင်းလောင်းကွင်းသည် ယခင်ကမြန်မာလိဂ်ကလပ် နေပြည်တော်အသင်း အိမ်ကွင်းအသုံးပြုဖူးသည့်ကွင်းလည်းဖြစ်သည်။

VUE နေပြည်တော်အသင်းသည် ယခုရာသီမှ အသစ်ဖွဲ့စည်းထားသော အသင်းဖြစ်ပြီး ခြောက်ပွဲကစားအပြီးတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၁ မှတ် ရရှိထားသည်။

သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–MLeague

✻ M–League မှ

ယခုတစ်ပတ်တွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုအပါအဝင် ခြေစွမ်းနှင့်အဆင့်ရပ်တည်မှုမကွာသည့်အသင်းများ ထိပ်တိုက်တွေ့ဆုံသည့်ပွဲများလည်း ပါဝင်နေသည်။ လက်ရှိရွှန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းပွဲ ဆက်လက်ကစားရမည်ဖြစ်ပြီး ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရန်ကုန်စီးတီးအသင်းမှာမူ ဧရာဝတီယူနိုက်တက်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ ပွဲစဉ် (၈) အဖြစ် နိုဝင်ဘာ ၂၈ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်း၊ ပုသိမ်ကျောက်တိုင်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ စတားစီးတီးကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် Chinland အသင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် စတားစီးတီးကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၇) အပြီးတွင် ရန်ကုန်စီးတီးအသင်းက ၁၇ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၅ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၃ မှတ်၊ ရတနာပုံအသင်းနှင့် စစ်ကိုင်းယူနိုက်တက် အသင်းက ၁၀ မှတ်စီ၊ အား/ ကာသိပ္ပံနှင့် ဟံသာဝတီယူနိုက်တက်အသင်းက ခုနစ်မှတ်စီ၊ ဧရာဝတီယူနိုက်တက်အသင်းက ခြောက်မှတ်၊ သစ္စာအားမာန်အသင်းက ငါးမှတ်၊ Chinland အသင်းက လေးမှတ်၊ မြဝတီအသင်းက တစ်မှတ် ရရှိထားသည်။ ပြိုင်ပွဲဝင် ၁၂ သင်းအနက် ရှမ်းယူနိုက်တက်အသင်းက ငါးပွဲ၊ ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့က ခြောက်ပွဲစီ၊ ကျန်အသင်းများမှာ ခုနစ်ပွဲစီကစား ထားပြီးဖြစ်သည်။

သတင်း – ညီမြတ်သော်တာ

ဓာတ်ပုံ – MLeague

❍ M–League II မှ

ယခုရာသီမှ MLeague II ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အသင်းသစ်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ခြေစွမ်းအရကွာခြားမှုမရှိသဖြင့် ပွဲမှာအပြန်အလှန်ရှိသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမသွင်းနိုင်ဘဲ အမှတ်ခွဲယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို Asia Lion အသင်းတိုက်စစ်မှူး လိုဘီအန်တိုနီကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၇) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၉ ရက်တွင် နေပြည်တော် ပေါင်းလောင်းကွင်း၌ကျင်းပမည်ဖြစ်ပြီး VUE နေပြည်တော်အသင်းနှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း–ကိုညီလေး

ဓာတ်ပုံ–MLeague

အားကစားမြှင့်တင်စိတ်လန်းရွှင်ဆန့်ကျင်မူးယစ်ဆေး

☆ ၂၀၂၆ မှ

ယနေ့ “တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ” အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက ၁၀ ဂိုး – နှစ်ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ခုနစ်ဂိုး– နှစ်ဂိုးဖြင့်လည်းကောင်း၊ တနသာရီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက ငါးဂိုး – နှစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက လေးဂိုး – ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး သဃ်နီးကျွန်းမြို့နယ်ရှိ သုဝဏ္ဏဖူဆယ်ရုံ၌ “တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ” အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ချင်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❖ M League ယူ–၂၀ မှ

ရာသီပတ်နောက်ဆုံးပွဲ ရောက်ရှိလာပြီဖြစ်ပြီး ချန်ပီယံဆုကြေးအပြင် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆု၊ Top Scorer ဆုနှင့် အကောင်းဆုံးဂိုးသမားဆုတို့ကို ဆုကြေးများ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်သည်။

လက်ရှိတွင် ဒဂုံစတားယူနိုက်တက်အသင်းက ပွဲကုန်ကစားပြီး ရမှတ် ၅၈ မှတ်ဖြင့် အဆင့်(၃) နေရာရရှိခဲ့ပြီး ချန်ပီယံဆုအတွက် အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရာသီပတ်ပွဲစဉ်မတိုင်မီ အဆင့်(၂) နေရာမှ ISPE အသင်းသည် ရမှတ် ၅၉ မှတ်ရရှိထားပြီး အဆင့်(၁) နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းသည် ရမှတ် ၆၁ မှတ် ရရှိထားသည်။ ထို့အတူ M League U20 2026 ပြိုင်ပွဲတွင် Top Scorer ဆုအတွက် အပြိုင်အဆိုင်ဖြစ်နေပြီး ဒဂုံစတားယူနိုက်တက်အသင်း တိုက်စစ်မှူး ညီနိုင်က ၂၆ ဂိုးသွင်းယူထားကာ အား/ကာသိပ္ပံအသင်း တိုက်စစ်မှူး စစ်ငြိမ်းချမ်းဦးက ၂၅ ဂိုး (လက်ကျန်တစ်ပွဲအလို) သွင်းယူထားသည်။

M League U20 2026 ပြိုင်ပွဲတွင် ချန်ပီယံအသင်းအား ဆုကြေးငွေကျပ် သိန်း ၅၀၀၊ ဒုတိယအသင်းအား ဆုကြေးငွေကျပ် သိန်း ၄၀၀၊ တတိယရရှိသည့်အသင်းအား ဆုကြေးငွေကျပ် သိန်း ၃၀၀ အထိ တိုးမြှင့်ချီးမြှင့်ပေးမည်ဖြစ်သည်။

အလားတူပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆုအတွက် ကျပ်သိန်း ၃၀၊ ဂိုးသွင်းအများဆုံးဆု Top Scorer နှင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုတို့ကို ကျပ်သိန်း ၂၀ စီ ချီးမြှင့်သွားမည်သည်။

အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်မည့် M League U20 2026 ရာသီပတ်နောက်ဆုံးပွဲစဉ်ကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းပွဲအပြီး ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MLeague

✪ ဘုန်းမောက်မှ

ဆယ်လ်တာဗီဂိုအသင်းနဲ့ ဘုန်းမောက်အသင်းတို့ပွဲစဉ်မှာ ဘုန်းမောက်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘုန်းမောက်အသင်းအတွက် သွင်းဂိုးတွေကို အယ်လ်ဗာရိုရိုးရီဂွက်ဇ်က တစ်ဂိုး၊ ရာယန်ကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘုန်းမောက်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ရိုင်ယန်ကတော့ ယခုဘောလုံးရာသီမှာ ယူရိုပါလိဂ်သွင်းဂိုးသုံးဂိုးအထိ သွင်းယူနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။

ဘုန်းမောက်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၂၃ မိနစ်ကတည်းက ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရပေမယ့် အနိုင်သုံးမှတ်ကို အပြည့်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘုန်းမောက်အသင်းဟာ ဆယ်လ်တာဗီဂိုအသင်းကို အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲစုံ ၁၀ ပွဲဆက် အနိုင်ရရှိခဲ့တဲ့မှတ်တမ်းသစ်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ဆယ်လ်တာဗီဂိုအသင်းကတော့ ဘုန်းမောက်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲမှာ ငါးပွဲကစားပြီး လေးပွဲအထိရှုံးပွဲကြုံခဲ့ကာ အမှတ်ပေးဇယား(၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဌေးကြေယ်



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

ဖခင်အမည်မှန်

ဒေါ်ပုံမြို့နယ်ရေ မရွှန်းအွှေလီ ထူးနှင့် KBEC ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-1 မှ မောင်ကောင်းမြတ်ထူး၊ မောင်ရင်းသန့်ထူးတို့၏ ဖခင်အမည်မှန်မှာ ဦးထူး [၁၄/ကပန(နိုင်)၁၅၉၉၁၈] ဖြစ်ပါကြောင်း။

ဦးထူး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး၃၉ဒေအမိန့်- ၅၊ နည်း၃ဥပဒေ- ၂၀)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

၂၀၂၆ ခုနှစ်၊ တရားမကြီးအမှုအမှတ်- ၁၄၄

ဦးစန်းမြင့်	နှင့်	ဦးအောင်ရင့်
(တရားလို)		**(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ မိုးဟိန်းလမ်း၊ အမှတ်(၁၀၆)နေ တရားပြိုင် ဦးအောင်ရင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း နှစ်ဦးသဘောတူ မြေကွက်နှင့် နေအိမ် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" ဖြင့် လျှောက်ထားစုဆုံးသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပခြင်းဆိုနိုင်သင်၏ ကိုယ်စားလှယ်မှန်ကန်စွာဖြစ်စေ၊ သင်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပခြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက် (၁၃၈၈-ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူသည် တရားလို၏အဆိုလွှာကို ထုချေရုံးလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သဲထိရမည်မှာ အထက်ပါနေ့တွင် သင်မလာမရောက် ဖျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလို က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အခိုင်ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သွင်းပို့ကုန်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်ဒီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ခုနှစ် နိုဝင်ဘာလ (၂၇)ရက်တွင် ဤရုံးတော်တော်ဆိပ်ရိုက်နှိပ်၍ ဤကျန်ပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေနုင်းသူ)

ဗြိုလ်မှူးသိန်း(အရှေ့ပိုင်း)မြို့နယ်တရားရုံး

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၀)၊ ဦးပိုင်အမှတ်(၂၄+၂၅-က)၊ ၂၉ လမ်း ၇၃x၇၄ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဒေါ်တင်တင်မြ၊ ဒေါ်သန်းသန်းဆွေတို့ (၂)ဦးအနက် ဒေါ်တင်တင်မြ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၈၄၁/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သူ ဒေါ်သန်းသန်းဆွေ [၉/မရမ(နိုင်)၀၂၉၄၄၄]က အမှုတွဲအမှတ် (၀၂၅၈/ ၁၈(ပြောင်း)/ ၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြိုးဖြစ်မံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရည်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/၀)၊ ဦးပိုင်အမှတ်(၃-ဆ)၊ ၃၄x၃၅ ပေ ၂၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်နန်းသန်းမြင့်၊ ဒု-ဗိုလ်မှူးကြီးမောင်ဝင်းတို့ (၂)ဦးအနက် ဒေါ်နန်းသန်းမြင့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၆၅၀/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဒု-ဗိုလ်မှူးကြီးမောင်ဝင်း [၁၃/သပန(နိုင်)၀၁၅၆၅၁]က အမှုတွဲအမှတ်(၃၆၆/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြိုးဖြစ်မံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

"အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ မြေတိုင်း(၁၇/၃၄)၊ ဆရာစော်ကျိလမ်း၊ အမှတ်(၁၆၄၁/က)ဟူသော်တွင်သော ပေ(၂၀x၆၀)အကျယ်အဝန်းရှိ ဦးထွန်းထွန်း- အမည်ပေါက် မြေချုပ်မစ်)၊ အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသီတာခိုင် [၁၂/လသယ(နိုင်) ၀၄၂၇၀၀]မှ (၂၈-၉-၂၀၂၃)ရက်နေ့တွင် ထိုအိမ်ခြံမြေတည်ရှိရာ ရပ်ကွက်ရုံး၌ "နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိ"စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင် နေထိုင်လျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် အဆိုပါ အိမ်ခြံမြေကို တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသဖြင့် အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏နွင့်ပြုချက်မရှိဘဲ မည်သူမဆို အခြားသူတစ်ဦးဦးသို့ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ နှစ်(၆၀)ဂရန်အမည်ပေါက်ပြုလုပ်ခြင်းများကို ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးသီတာခိုင်၏ လွှဲဆပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးနိုင် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၆၄၄)

အမှတ်(၅၅၅/က)၊ မြဝတီလမ်း၊ (၉)ရပ်ကွက်၊

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း- ၀၉-၂၅၀၀၅၅၄၂

"ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ (စမ်းချောင်းတောင်)ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ တိုက်အမှတ်(၉)၊ ဧရိယာ အခန်းအမှတ်(A), (ခန်းတွဲ)(၇၃ထပ်)တိုက်၏ ဧရိယာမြေထိပ်(ခေါင်းရင်းခြမ်း)(တိုက်ကိုကျမ်းနာမူလျှင် ညာခြမ်း) အကျယ်အဝန်း (၁၈ပေ x၅၁ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

အထက်ပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူသည် အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ အရှင်အရှင်းကင်းစွာ လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းနည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦး တည်းသာဖြစ်ကြောင်း၊ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ **ဒေါ်စန္ဒာမြင့် (စ/ပဇက (နိုင်) ၁၅၂၂၀၈)**ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်မော်ပြပါ အမည်ပါသူသည် ၎င်း၏ဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူ မဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လုပ်ကိုယ်တိုင် လာရောက်ကန့်ကွက်ပြန်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထင်ဆောင်ကို၏ လွှဲဆပ်ညွှန်ကြားချက်အရ

ဒေါ်သက်ထားဆွိ (LL.B, D.I.L, Dip in Eng) အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)

09-972734996, 09-881181988

အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

